# ကြေးမုံ The Mirror

၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (2-3-2016) (၈၄၉၃)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

## တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်မည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အားပေးလုပ်ဆောင်ကြရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ
အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော
၂၀၁၆ခုနှစ်၊ မတ် ၂ ရက်တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနားသဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်အခါသည် နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားကြီးများအား အထူးအလေးအနက်ထားပြီး ဂုဏ်ပြုသတ်မှတ်ထားရှိသည့် **"သမိုင်းဝင် နေ့ထူးရက်မြတ် တောင်သူလယ်သမားနေ့"** ဖြစ်ပါသည်။ ဤသို့ အစဉ်အလာကြီးမားသော နေ့ထူးရက်မြတ်အချိန်တွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အမေရိကန်သံအမတ်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



စာမျက်နှာ - ၃

# အင်းတော်ကြီးကန်ဒေသအား ကမ္ဘာလုံးဆိုင်ရာ အရေးပါသော ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်



အင်းတော်ကြီးကန်အတွင်းရှိ ရွှေမဥ္ဇူရေလယ်ဘုရားကို တွေ့ရစဉ်။

မြန်မာနိုင်ငံသည် မြောက်ဘက်တွင် တည်ရှိသော ဟိမဝန္တာတောင်တန်းများ၊ တောင်ဘက်တွင် တည်ရှိသော သန္တာကျောက်တန်းများ၊ အနိမ့်ပိုင်း သစ်တောများနှင့် ပေါ်များကျယ်ပြန့်သော မြစ်၊ ချောင်းများကြောင့် အမျိုးစုံလင်လှသော ဂေဟစနစ်များနှင့် မြောက်မြားလှစွာသော ဇီဝမျိုးစုံမျိုးကွဲများဖြင့် ကြွယ်ဝသောနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သဘာဝနယ်မြေများ (Protected Areas) အား သတ်မှတ်ဖွဲ့စည်းတည်ထောင်လျက်ရှိသည်။ လက်ရှိတွင် နိုင်ငံ့ဧရိယာ၏ ၅ ဒသမ ၇၅ ရာခိုင်နှုန်းရှိပြီး နိုင်ငံ၏ဂေဟစနစ်များကို ကိုယ်စားပြုသည့် သဘာဝနယ်မြေ ၃၉ခု (၁၅၀၁၁ ဒသမ ၆၆ စတုရန်းမိုင်၊ ၉၆၀၇၄၄၅ ဒသမ ၃၅ဧက)အား တည်ထောင်ပြီးဖြစ်သည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။


HOME GALAXY Interior Mall

Manufacturing UPVC Window & Door

UPVC Window & Door များကို Korea နိုင်ငံမှ နည်းပညာအသစ်ဖြင့် အရည်အသွေးမြင့် ထုပ်လုပ်ထားသော ကုန်ကြမ်းများကို တိုက်ရိုက်တင်သွင်းပြီး Korea စက်ကြီးများဖြင့် Korea နည်းပညာအတိုင်း ထုတ်လုပ်ထားပါသည်။ ပူလွန်းအေးလွန်းသည့် ရာသီဥတုဒဏ်ကို ခံနိုင်၍ ရေယိုစိမ့်မှုမရှိခြင်း၊ UV Coated ပါသောကြောင့် အရောင်မပြောင်းလဲဘဲ နှစ်ကာလကြာရှည်စွာ ခံနိုင်ခြင်း၊ အသံလုံ၍ အသုံးပြုရလွယ်ကူခြင်း စသည့်အားသာချက် တို့ကို ရရှိစေသည်။

UPVC Frame နှင့် Aluminium Frame များကို PVC Printing Sheet ဖြင့်သဘာဝ ကျွန်းရောင် နှင့် အခြားအရောင် ကပ်ခြင်းတို့အား Korea စက်ကြီးဖြင့် (အထူးအဆင်ခံ) နှင့် လက်ခံပြုလုပ်ပေးပါသည်။

PVC Printing Sheet

- ABS Door
- UPVC Window & Door တို့၏ Size, Design & Colour အမျိုးမျိုးတို့ကို မိမိတို့ စိတ်တိုင်းကျ Order မှာယူနိုင်ပါသည်။

UPVC window နှင့် Sliding Door များကို နှစ်ထပ်မှန် ( Double Glass) များဖြင့်လည်း အသုံးပြုနိုင်သည်။

Showroom I - Junction Square Shop-House (7), Pyay Road, Yangon. 01- 2304351, 2304352, 2304337
Showroom II - No (15), Pyay Road & Corner of Weikzarnyinaung St ,9Mile , Yangon .01-664675

ကြေးမုံစာတည်းရှုထောင့် ၂-၃-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

# ကျေးဇူးရှင် တောင်သူလယ်သမား

ယနေ့သည် မြန်မာနိုင်ငံအတွင်း လူဦးရေ ၇၀ ရာခိုင်နှုန်းနေထိုင်ကြသော တောင်သူလယ်သမားဦးကြီးများအား ဂုဏ်ပြုသည့် နေ့ထူးနေ့မြတ်ဖြစ်သည်။ တောင်သူလယ်သမားဦးကြီးများမှာ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးတို့ နေ့စဉ်လိုအပ်သော စားနပ်ရိက္ခာများအား ဖြည့်ဆည်းပေးနေသူများဖြစ်၍ ကျေးဇူးတင်ဂုဏ်ပြုထိုက်သူများဖြစ်သည်။ ထို့ကြောင့် နှစ်စဉ် မတ်လ ၂ ရက်နေ့သို့ရောက်တိုင်း နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားဦးကြီးများအား အသိအမှတ်ပြု ဂုဏ်ပြုကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလကတည်းက တောင်သူလယ်သမားဦးကြီးများကို နှစ်စဉ် ဂုဏ်ပြုလာခဲ့ကြရာ နှစ်ပေါင်း ၆၀ ကျော်ပြီဖြစ်သည်။ တစ်ချိန်သောကာလက ဒူးယား၊ ခပေါင်းကျေးရွာများမှာ တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုထားသောကျေးရွာများဖြစ်ပြီး ထိုရွာများတွင် နှစ်စဉ်တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲများ၊ တောင်သူလယ်သမားနေ့ အခမ်းအနားများကျင်းပပြီး တောင်သူလယ်သမားဦးကြီးများ၏ဘဝများကို မြှင့်တင်ဖော်ဆောင်ပေးခဲ့သည်။

မျက်မှောက်ကာလတွင် တောင်သူလယ်သမားဦးကြီးများ၏ အခြေခံလိုအပ်ချက်များဖြစ်သော စိုက်ပျိုးစရိတ် အရင်းအနှီးများ တိုးတက်ရရှိရေး၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး၊ သမားရိုးကျ စိုက်နည်းပျိုးနည်းစနစ်များအစား ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားပေးနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ မိုးရေကိုသာမျှော်ကိုးပြီး စိုက်ပျိုးကြရသည့် အခြေအနေမျိုးမှ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ရန်အတွက် လယ်ယာမြေများ၊ မြစ်ရေတင်စီမံကိန်းများ၊ ဆည်တာတမံစီမံကိန်းများ ဆောင်ရွက်ပေးခြင်းနှင့် ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ပေးနေသည်ကိုလည်း မြင်တွေ့နေရသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေရှိသည်၊ ရေရှိသည်ဆိုသော်လည်း စိုက်ပျိုးစရိတ်နှင့် စိုက်ပျိုးစွမ်းအားများမှာ ကျယ်ပြန့်လှသည်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးမှ စီးပွားဖြစ်စိုက်ပျိုးရေးသို့ ကူးပြောင်းရာတွင် နည်းပညာ၊ အရင်းအနှီးများ မဖြစ်မနေလိုအပ်သည်။ ယင်းတို့ကို နိုင်ငံတော်က ပံ့ပိုးကူညီပေးမှသာ အလုပ်ဖြစ်နိုင်သဖြင့် ယခုအခါ လယ်ယာမြေစနစ်များတွင် နိုင်ငံတော်က အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ပေးနေသည်ကိုတွေ့ရသည်။

သို့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လယ်သမားများဘဝမြင့်မားတိုးတက်ရေးအတွက် အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ဖော်ဆောင်ရန်မှာ လိုအပ်ချက်များရှိနေဦးမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုများ တစ်စတစ်စမြင့်မားတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ ဆောင်ရွက်ပေးမှုအား၊ နိုင်ငံတကာမှ ပူးပေါင်းကူညီမှုအားများဖြင့် လယ်ယာကဏ္ဍမြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ပြင်းထန်သော အယ်လ်နီညိုရာသီဥတု ရိုက်ခတ်မှုဖြစ်စဉ်များကြောင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိခိုက်နစ်နာမှုများရှိလာမည်ကို စိုးရိမ်ပူပန်ကြသဖြင့် သက်ဆိုင်ရာတို့က စိုက်ပျိုးရေမပြတ်လပ်စေရေးအတွက် နည်းလမ်းပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံတို့ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေသည်ကိုလည်း အားရဖွယ်မြင်တွေ့ရသည်။

ပူပြင်းခြောက်သွေ့ခြင်း၊ လွန်ကဲစွာမိုးသည်းထန်ခြင်း၊ အအေးလွန်ခြင်းကြောင့် ဆီးနှင်းများကျရောက်ခြင်း၊ လေပြင်းမုန်တိုင်းများတိုက်ခတ်ခြင်း၊ လျှပ်လှုပ်ခြင်း၊ ရေကြီးရေလျှံဖြစ်ပေါ်ခြင်း စသည့်သဘာဝဘေးများကြုံတွေ့နေရခြင်းတို့အပြင် လူတို့၏ လောဘမီး၊ ဒေါသမီးကြောင့်ဖြစ်ပေါ်လာတတ်သော ပယောဂအမျိုးမျိုးတို့ကြောင့် တောင်သူလယ်သမားကြီးများ၏ စားနပ်ရိက္ခာထုတ်လုပ်ရေးလုပ်ငန်းများကို မထိခိုက်အောင်လည်း အလေးထား စောင့်ကြည့်ကာကွယ်ပေးကြရမည်ဖြစ်သည်။

ထို့ကြောင့် ကျေးဇူးရှင်တောင်သူလယ်သမားဦးကြီးများအား ကျေးဇူးဆပ်သောအားဖြင့် တောင်သူလယ်သမားများ၏ လူမှုဘဝများကို ကူညီကာကွယ်စောင့်ရှောက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။ ။

# တာချီလိတ်မြို့တွင် မီနီမားကက်၊ ပျံကျဈေးနှင့် အဝေးပြေးယာဉ်ဂိတ်နားနေဆောင်ဖွင့်

**တာချီလိတ် မတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီက ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေး၊ အများပြည်သူ ဈေးရောင်းဈေးဝယ်များ စနစ်တကျရှိစေရေးအတွက် အဆင့်မြင့် ဝမ်ကောင်းမြို့မဈေးအပေါ်ထပ်ရှိ မီနီမားကက်၊ စားသောက်ဆိုင်နှင့် ပျံကျဈေးသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီ က အဆိုပါဈေးသစ်ရှေ့၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဖွင့်ပွဲအထိမ်းအမှတ်အလံငယ်များအား မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်းက ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းနှင့် ပြည်နယ်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထိုက်တို့ထံ ပေးအပ်ပြီး တာဝန်ရှိသူများက ပျံကျဈေးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးက ပျံကျဈေးသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဈေးအတွင်း ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုသည်။ အဆိုပါ ပျံကျဈေးသစ်အား ငွေကျပ်သိန်း ၁၃၀၀ ဖြင့် မြေအကျယ် ၆ပေ ၈၀ပတ်လည်၌ ပျံကျဈေးခုံ ၁၄၆ ခုံနှင့် မြို့မဈေးအပေါ်ထပ်တွင် ငွေကျပ်သိန်း ၂၃၀၀ ဖြင့် မီနီမားကက် ၁၂ ခန်းနှင့် ကလေးကစားကွင်းများကို ဆောင်ရွက်ပေးထားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရွှေရေကန်သွင်းကုန်ထုတ်ကုန် ကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ထားသည့် ငွေကျပ်သိန်း ၉၇၄၀ဖြင့် မြေဧရိယာ ၁ဒသမ ၂၆ ဧကအကျယ်အဝန်းတွင် အများပြည်သူသွားလာမှု ပိုမိုလျင်မြန်လွယ်ကူ အဆင်ပြေရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ရည်ရွယ်ဆောက်လုပ်ခဲ့သည့် မီနီမားကက်ဆိုင်ခန်းများ၊ အဝေးပြေးယာဉ်ဂိတ်နားနေဆောင်ဖွင့်ပွဲသို့ တက်ရောက်သည်။

ထို့နောက် မီနီမားကက်ဆိုင်ခန်းများနှင့် အဝေးပြေးယာဉ်ဂိတ်နားနေဆောင်ဖွင့်ပွဲအား ပြည်နယ်စည်ပင်သာယာရေးဌာနခွဲ၊ ကျိုင်းတုံမြို့မှ ဒုတိယညွှန်ကြားရေးမှူး ဦးလှကာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ရွှေရေကန်သွင်းကုန်ထုတ်ကုန် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းနွမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းပေးအပ်

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီတွင် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ကနောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စား ဌာနဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ဝင်များနှင့် မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁**

ရန်ကုန်(ရွှေဈေး) ၈၀၀၀၀၀ - ၈၀၀၀၀၀ မန္တလေး(ရွှေဈေး) ၈၀၀၀၀၀ - ၈၀၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၇၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၇၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၂၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၄၆. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၈. ၇၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၆၉၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၁၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၁၂၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၉. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၉. ၈၈၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၁. ၅၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၉. ၆၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အမေရိကန်သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

**❁ ရှေ့ဖုံးမှ**

တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနှင့် ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့ ပြည့်စုံကြလျက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်ပိုမိုတိုးတက်အောင်မြင် ဖြစ်ထွန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်အရ ပြည်သူလူထုကိုယ်တိုင်ပါဝင်ဆန္ဒပြုခဲ့ကြပြီး ပထမအကြိမ်ရွေးချယ်တင်မြှောက်ခဲ့သော မိမိဦးဆောင်သည့် အစိုးရ၏ သက်တမ်းကာလ ငါးနှစ်တင်းတင်းပြည့်မြောက်တော့မည့် အချိန်ကာလသို့ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိတော့မည်ဖြစ်ပါသည်။ ဒုတိယအကြိမ် ပြည်သူလူထုကိုယ်တိုင် ဆန္ဒပြုပါဝင်ရွေးချယ်ခဲ့သည့် အစိုးရထံသို့ နိုင်ငံ့တာဝန်များကို စနစ်တကျချောမွေ့စွာဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသည့် ကာလဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကြီးကို အဓိကအခြေခံ မှီခိုအားထားနေရဆဲဖြစ်သည့် စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏ လူဦးရေအချိုးအစား ၇၀ ရာခိုင်နှုန်းကျော်ပါဝင်သည့် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်မည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထားပြီး စဉ်ဆက်မပြတ်အားပေးကြိုးပမ်းလုပ်ဆောင်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံ၏အခြေခံ အဓိကအင်အားစုများဖြစ်သည့် တောင်သူလယ်သမားဦးကြီးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတာဝန်သည် "နိုင်ငံတော်၏ အမျိုးသား ကိုယ်ခံစွမ်းအား" တောင့်တင်းခိုင်မာစေရေးတာဝန်နှင့် တိုက်ရိုက်ဆက်စပ်ဖြစ်တည်လျက်ရှိနေပါသည်။

မိမိတို့အစိုးရ၏ သက်တမ်းကာလ ငါးနှစ်အတွင်း တောင်သူလယ်သမားဦးကြီးများ၏ အခြေခံလိုအပ်ချက်များဖြစ်ကြသော စိုက်ပျိုးစရိတ်အရင်းအနှီးများ တိုးတက်ရရှိရေး၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး၊ သမားရိုးကျစိုက်နည်းစနစ်များအစား ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားပေးနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ မိုးရေကိုသာမျှော်ကိုးပြီး စိုက်ပျိုးကြရသည့်အခြေအနေမျိုးမှ တစ်နှစ်လုံးစိုက်ပျိုးနိုင်ရန် လယ်မြေများကို မြစ်ရေတင်စီမံကိန်း၊ ဆည်တာတမံစီမံကိန်းများ ဆောင်ရွက်ပေးခြင်းနှင့် ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာမြေစနစ်သို့ ကူးပြောင်းနိုင်ရေးလုပ်ငန်းများကို အုတ်မြစ်ချဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံနှင့်အဝှမ်း ဆက်လက်ဆောင်ရွက်ရန်ရှိနေသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပခုံးပြောင်းတာဝန်များကို နောက်အစိုးရသက်တမ်းကာလတွင် ပို၍ တိုးတက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့မည်ဖြစ်ပါသည်။

နိုင်ငံ၏ အဓိကစားသုံးသီးနှံအမယ်ဖြစ်သော ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံသားအားလုံးအတွက် နေ့စဉ်လိုအပ်ချက်ဖြစ်သော "စားရေရိက္ခာ ဖူလုံရေးတာဝန်" နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည့်အားလျော်စွာ တစ်ဧကအထွက်နှုန်းများ သိသိသာသာတိုးတက်စေပြီး တောင်သူလယ်သမားကြီးများအတွက် ဝင်ငွေနှစ်ဆ အမှန်တကယ်တိုးတက်ခံစားရရှိနိုင်မည့် အထွက်တိုး စပ်မျိုးစပါး မျိုးစေ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

ဆန်စပါးသီးနှံအပါအဝင် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်လိုက်သည့် ပြည်တွင်းစားသုံးမှုမှ ပိုလျှံသော ကောက်ပဲသီးနှံအမျိုးမျိုးတို့ကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ ရောင်းချနိုင်ရေးအတွက် "ရိတ်သိမ်းချိန်လွန်နည်းပညာ" ဖွံ့ဖြိုးရေးနှင့်အတူ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးလုပ်ငန်းကိုလည်း အားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်များကို ဈေးနှုန်းခိုင်ခိုင်မာမာဖြင့် ပြည်တွင်း ပြည်ပ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော လယ်ယာထွက်ကုန် "လက်ကားဈေး (Wholesale Market)" ကြီးများ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ထူထောင်အကောင်အထည်ဖော်နိုင်ရေး အားပေးဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားများအတွက် အခြေခံလိုအပ်ချက်ရှိနေသော ခေတ်မီစိုက်ပျိုးရေးနည်းပညာများ လက်ဝယ်အရောက် အလွယ်တကူရောက်ရှိရေး ပညာပေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် အဓိကဆက်စပ်နေသော သတင်းများဖြစ်သည့် ရာသီဥတုသတင်းအချက်အလက်များ၊ ဈေးကွက်နှင့် ဈေးနှုန်းသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ တောင်သူလယ်သမားများ သိရှိအသုံးချနိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ကိုယ်စိတ်အပန်းဖြေအနားယူမှုကို အထောက်အပံ့ဖြစ်စေမည့် လယ်ယာကဏ္ဍသတင်းနှင့် ပညာပေးကဏ္ဍများအပြင် ဖြေဖျော်ရေးအစီအစဉ်များ ကဏ္ဍစုံလင်ပါဝင်သော "တောင်သူလယ်သမား ဂုဏ်ပြုတေးသီချင်းများ ပြိုင်ပွဲ"နှင့် "တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်း (Farmers' Channel)" အစီအစဉ်များကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ထုတ်လွှင့်ပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-**

လူသားတိုင်း နိုင်ငံသားတိုင်း၏ နေ့စဉ်ဘဝအတွက် စားရေး၊ ဝတ်ရေး၊ နေရေး အခြေခံလိုအပ်ချက်များအနက် နေ့စဉ်မရှိမဖြစ် အဓိက လိုအပ်ချက်မှာ "စားရေရိက္ခာ"လိုအပ်ချက်ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေမှာ နေ့စဉ်တိုးတက်လျက်ရှိရာ လက်ရှိ ယနေ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်မှာ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း ၉၀၀၀ ရှိလာမည်ဖြစ်သဖြင့် လိုအပ်လာမည့် စားရေရိက္ခာအတွက် ပိုမိုစိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

ယင်းလိုအပ်ချက်အပေါ်တွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ကမ္ဘာ့ရာသီဥတု၏ ပြင်းထန်စွာ ပူပြင်းခြောက်သွေ့ခြင်း၊ လွန်ကဲစွာမိုးသည်းထန်ခြင်း၊ အအေးလွန်ခြင်းကြောင့် ဆီးနှင်းကျခြင်း၊ လေမုန်တိုင်းများတိုက်ခြင်း၊ ငလျင်ကြီးများလှုပ်ခြင်း၊ ဆူနာမီလှိုင်းများကျရောက်ခြင်း စသည့် သဘာဝဘေးအန္တရာယ်ကြီးများ၊ ကြုံတွေ့နေရခြင်းနှင့် လူသားတို့၏ လောဘ၊ ဒေါသမီးများကြောင့် ဖြစ်ပေါ်နေကြရသည့် လူ့ပယောဂစစ်မီးအန္တရာယ်ဆိုးကြီးများကြောင့် စားရေရိက္ခာထုတ်လုပ်မှုကို မထိခိုက်စေရေးအတွက် ပိုမိုအလေးထားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်လည်း နိုင်ငံ၏ စဉ်ဆက်မပြတ် တိုးပွားလာမည့် လူဦးရေအတွက် စားရေရိက္ခာဖူလုံစိတ်ချရမှုရှိစေရေးအတွက်သာမက ကမ္ဘာ့ရိက္ခာလိုအပ်ချက်ကို အထောက်အကူဖြစ်စေရန် နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက်တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဘက်စုံမှ အရှိန်အဟုန်မြှင့်တင် အားပေးဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝမှု၊ စိုက်ပျိုးရေးအတွက် အလွန်ကောင်းမွန်သော သဘာဝမှပေးသည့် ရာသီဥတု အခြေအနေကောင်းများကို တောင်သူလယ်သမားတို့၏ စွမ်းအားဖြင့် ပေါင်းစပ်လျက် လယ်ယာကဏ္ဍ စားနပ်ရိက္ခာထုတ်လုပ်မှုကို အရှိန်အဟုန်ဖြင့် တိုးတက်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ခြင်းလုပ်ငန်းသည် မိမိတို့ပြည်သူများနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး၏ "စားနပ်ရိက္ခာလုံခြုံရေး (Food Security)" လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားကိုလည်း မြှင့်တင်ပေးနိုင်မည့် "ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ" သည့် အလွန်မွန်မြတ်သန့်စင်သော လုပ်ငန်းရပ်ပင်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-**

နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမား မိသားစုများ၏ လူနေမှုဘဝနှင့် အကျိုးစီးပွားမြှင့်တင်ရေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ "ရေရှည်အမျိုးသားရေးအကျိုးစီးပွား" ဖြစ်ပါသည်။ မိမိတို့လက်ရှိအစိုးရသက်တမ်း ငါးနှစ်တာကာလအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့မှုများသည် မြန်မာနိုင်ငံ၏ တောင်သူလယ်သမားအကျိုးစီးပွားအတွက်သာမက နိုင်ငံ၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွား ကြိုးပမ်းဆောင်ရွက်မှုများဖြစ်သည့် အားလျော်စွာ မကြာတော့မည့်ကာလတွင် ဖြစ်ပေါ်လာမည့် အစိုးရအနေဖြင့်လည်း "ဤအစဉ်အလာကောင်း၊ စံနမူနာကောင်းများ"ကို ဆက်လက်၍ လက်ဆင့်ကမ်း သယ်ဆောင်ကြိုးပမ်းဆောင်ရွက်သွားလိမ့်မည်ဟု လေးနက်စွာ ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့မင်္ဂလာရှိသော "နေ့ထူး ရက်မြတ်တောင်သူလယ်သမားနေ့" ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားထုကြီးအနေဖြင့် မိမိတို့၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ ရေရှည်အမျိုးသားရေး အကျိုးစီးပွားအတွက် နိုင်ငံသူ နိုင်ငံသားအားလုံးနှင့်အတူ ပူးပေါင်းပါဝင်ကြိုးပမ်း ဖော်ဆောင်ပေးကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

***

# အာကာသဓာတ်ခွဲခန်းယာဉ် တရုတ်နိုင်ငံ လွှတ်တင်မည်



**ပေကျင်း မတ် ၁**

တရုတ်နိုင်ငံသည် ယခုနှစ် တတိယသုံးလပတ်ကာလတွင် ကမ္ဘာပတ်လမ်းကြောင်းသို့ ဒုတိယမြောက်အာကာသဓာတ်ခွဲခန်းယာဉ်ကို လွှတ်တင်မည်ဖြစ်ကြောင်းနှင့် ၂၀၂၂ ခုနှစ်ခန့်တွင် အာကာသယာဉ်မှူးများ နေထိုင်အလုပ်လုပ်ကိုင်နိုင်မည့် အာကာသစခန်းယာဉ်ကို အမြဲတမ်းထားရှိနိုင်ရန် ကြိုတင်ပြင်ဆင်သည့် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ အာကာသအစီအစဉ်သည် အစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အာကာသစွမ်းပကားမြင့်မားသည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရန် သမ္မတ ရှီကျင့်ဖျင်က လမ်းညွှန်ထားကြောင်း သတင်းတွင်ရေးသားဖော်ပြသည်။

လာမည့်နှစ် ပထမနှစ်ဝက်ကာလတွင် လွှတ်တင်ရန် စီစဉ်ထားသော ထန်ကျိုး-၁ (ကောင်းကင်ဘုံယာဉ်) အမည်ရှိကုန်တင်အာကာသယာဉ်တစ်စင်းကို ထန်ကောင်း-၂ (ကောင်းကင်ဘုံနန်းတော်)အမည်ရှိ အာကာသယာဉ် **(ယာပုံ)**နှင့် ချိတ်ဆက်နိုင်မည်ဟု မျှော်မှန်းထားသည်။

တရုတ်နိုင်ငံသည် ယခုနှစ် စတုတ္ထသုံးလပတ်ကာလတွင် ရှင်ကျိုး-၁၁ အမည်ရှိ အာကာသယာဉ်ကို လွှတ်တင်ရန်လည်း စီစဉ်ထားသည်။ အဆိုပါ အာကာသယာဉ်နှင့်အတူ အာကာသယာဉ်မှူးနှစ်ဦးလိုက်ပါမည်ဖြစ်သည်။ ရှင်ကျိုး-၁၁ အာကာသယာဉ်သည် ထန်ကောင်း-၂ အာကာသယာဉ်နှင့်ချိတ်ဆက်ရန် စီစဉ်ထားသည်။

**ဆင်ဟွာ။**

# အနောက်ဘက်ကမ်းတွင် ပါလက်စတိုင်းနှင့် အစ္စရေးတပ်ဖွဲ့များ တိုက်ခိုက်မှုဖြစ်ပွား

**ဂျေရုဆလင် မတ် ၁**

ပါလက်တိုင်း လူမျိုးများနှင့် အစ္စရေးတပ်ဖွဲ့ဝင်တို့သည် အနောက်ဘက်ကမ်းဒေသတွင် အပြန်အလှန်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အစ္စရေးစစ်သားနှစ်ဦးပါသည့် ကားတစ်စီးသည် ဖေဖော်ဝါရီ ၂၉ ရက်တွင် ကွီလန်ဒီယာဒုက္ခသည်စခန်းအတွင်းသို့ လမ်းမှားဝင်ရောက်သွားပြီးနောက် ကျောက်ခဲများ၊ မီးလောင်ဗုံးများနှင့် တိုက်ခိုက်ခံခဲ့ရကြောင်း အစ္စရေးစစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါစစ်သားနှစ်ဦးကိုကယ်တင်ရန် အစ္စရေးကယ်ဆယ်ရေးတပ်ဖွဲ့များက ဒုက္ခသည်စခန်းအတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။



ယင်းတိုက်ခိုက်မှုအတွင်း အသက်(၂၂)နှစ်အရွယ် ပါလက်စတိုင်းအမျိုးသားတစ်ဦး ပစ်ခတ်ခံရပြီး ပါလက်စတိုင်းလူမျိုး ၁၇ ဦးနှင့် အစ္စရေးစစ်သား ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဂျေရုဆလင်မြို့မြောက်ဘက်ရှိ အဆိုပါဒုက္ခသည်စခန်းတွင် ပါလက်စတိုင်းအရေးဆန္ဒပြတောင်းဆိုလှုပ်ရှားသူများနှင့် အစ္စရေးစစ်သားများအကြား မကြာခဏ တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသည်။

လွန်ခဲ့သည့် အောက်တိုဘာလကတည်းက အစ္စရေးနိုင်ငံတွင် ပါလက်စတိုင်းလူမျိုးများ၏ တိုက်ခိုက်မှုကြောင့် အစ္စရေးလူမျိုး ၃၀ ခန့် သေဆုံးခဲ့သကဲ့သို့ အစ္စရေးလုံခြုံရေးတပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများအတွင်း ပါလက်စတိုင်းလူမျိုး အနည်းဆုံး ၁၇၀ ခန့်သေဆုံးခဲ့ရပြီးဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# တောင်သူလယ်သမားများဘဝ မြင့်မားစေရေး ဘတ်ဂျက်အစီအစဉ်သစ်များ အိန္ဒိယကြေညာ

**နယူးဒေလီ မတ် ၁**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝမြှင့်တင်ပေးနိုင်ရန်ရည်ရွယ်လျက် အိန္ဒိယအစိုးရက ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်) သစ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

လာမည့် ပြည်နယ်ရွေးကောက်ပွဲများတွင် အာဏာရပါတီအပေါ်အားပေးထောက်ခံမှုမြင့်တက်စေမည့် မဟာဗျူဟာတစ်ရပ်အဖြစ် ကျေးလက်ဒေသနေ ပြည်သူများအား အထောက်အပံ့ပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးအစီအစဉ်သစ်များကို အိန္ဒိယဘဏ္ဍာရေးဝန်ကြီး အရွန်ဂျေတလီက ထုတ်ပြန်ကြေညာသည်။

ကုန်ဆုံးတော့မည့် လက်ရှိဘဏ္ဍာရေးနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၇ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းရကြောင်း၊ သို့ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူ ၁ ဒသမ ၃ ဘီလီယံအတွင်း မျှဝေခံစားမှု ပိုမိုဖြစ်ပေါ်ရန်လိုအပ်မည်ဖြစ်ကြောင်း ဝန်ကြီးဂျေတလီက ပြောကြားသည်။ အိန္ဒိယနိုင်ငံရှိ ဆင်းရဲသားပြည်သူများအတွက် ဘတ်ဂျက်ရန်ပုံငွေကို အမြော်အမြင်ရှိရှိ၊ တာဝန်ယူမှုရှိရှိဖြင့် သုံးစွဲသွားရန် လိုအပ်ကြောင်း ဝန်ကြီး ဂျေတလီက ပါလီမန်တွင် ပြောကြားသည်။

လာမည့်ငါးနှစ်တာကာလအတွင်း ဘဝရပ်တည်မှုအတွက် ရုန်းကန်နေကြရသော တောင်သူလယ်သမားများ၏ဝင်ငွေကို နှစ်ဆမြှင့်တင်နိုင်စေမည့်အစီအစဉ်များကို အစိုးရက ရေးဆွဲချမှတ်ထားသည်။ အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရူပီး ၃၅၉ ဘီလီယံ(အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံ) အသုံးပြုဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ဥပဒေပြုအမတ်များအား ၎င်းက ရှင်းလင်းပြောကြားသည်။ အိန္ဒိယကျေးရွာများအားလုံး နှစ်နှစ်အတွင်း လျှပ်စစ်မီးရရှိစေမည်ဟု ဆိုသည်။

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးအတွက် ပင်မကျောရိုးသဖွယ် ရပ်တည်ပေးသော တောင်သူလယ်သမားများအား မိမိတို့ကျေးဇူးတင်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၌ တောင်သူလယ်သမား သန်း ၁၂၀ ခန့်ရှိကြောင်း ၎င်းက ပြောကြားသည်။

**ပီတီအိုင်။**

# နှစ် ၂၀၀၀ သက်တမ်းရှိ ကြေးနီဒင်္ဂါးပြားများ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ တူးဖော်တွေ့ရှိ

**ရှီအန်း မတ် ၁**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်းစီပြည်နယ်မှ ရွာသားတစ်ဦးသည် အိမ်တစ်လုံးတည်ဆောက်ရန် မြေညှိရာမှ အလေးချိန် ၄၅၉ ကီလိုဂရမ်ရှိ ရှေးဟောင်းဒင်္ဂါးပြားများ တူးဖော်ရရှိခဲ့ကြောင်း ဒေသန္တရသတင်းရပ်ကွက်များက မတ် ၁ ရက်တွင် ပြောသည်။

မိသားစုအမည် ကျောင် ဟုဆိုသူ နန်ကျိုရွာသားမှာ ဖေဖော်ဝါရီ ၂၇ ရက်က ဂေါ်ပြားတစ်လက်ဖြင့် မြေညှိနေချိန်တွင် ကျင်းတစ်ကျင်းကိုတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါကျင်းအတွင်းမှ ထောင့်မှန်စတုဂံပုံ နှင့်အခြားလုံးဝန်းသော ပုံစံအမျိုးအစားသုံးမျိုးရှိသည့် ကြေးနီဒင်္ဂါးပြားများကို တူးဖော်တွေ့ရှိခဲ့သည်။ ဒင်္ဂါးပြားများအားလုံး၏အလယ်၌ အပေါက်တစ်ပေါက်စီရှိသည်။

ရဲတပ်ဖွဲ့က ဒင်္ဂါးပြားများကို သိမ်းဆည်းလိုက်သည်ဟု သိရသည်။ အဆိုပါဒင်္ဂါးပြားများမှာ ဇင်မင်းဆက် (အေဒီ ၉ မှ အေဒီ ၂၃ ထိ) လက်ထက်မှ ဒင်္ဂါးပြားများဖြစ်သည်ဟု ယဉ်ကျေးမှုအမွေအနှစ်များစစ်ဆေးရေးတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးဖြစ်သူ ဖန်ပန်ရှုက ပြောကြားသည်။

ဟန်မင်းဆက် (ဘီစီ ၂၀၂ မှ အေဒီ ၂၂၀) မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဝမ်မန်က ဇင်မင်းဆက်ကိုတည်ထောင်ရန် ထီးနန်းအရိုက်အရာ သိမ်းပိုက်ခဲ့ပြီး ထိုအချိန်က ချိန်အန်းဟုခေါ်ဆိုသော မြို့တော်ဇင်မှာ ရှန်းစီပြည်နယ်ရှိ ရှီအန်းမြို့တော်၌တည်ရှိသည်။ ဝမ်မန်ကွယ်လွန်ပြီးနောက် ဟန်မင်းဆက်ကို နောက်ပိုင်းတွင် ပြန်လည်တည်ထောင်ခဲ့သည်။ ဝမ်မန်က ၎င်းအုပ်စိုးသည့်အချိန်အတွင်း ငွေကြေးပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့ပြီး ဒင်္ဂါးပြားအမျိုးမျိုးထုတ်ဝေခဲ့သော်လည်း ၎င်း၏ထင်ရှားသောပြုပြင်ပြောင်းလဲမှုက ဘဏ္ဍာရေးဆိုင်ရာအကြပ်အတည်းကို ပိုမိုဆိုးဝါးစေခဲ့သည်။ နန်ကျိုရွာအတွင်း တွေ့ရှိခဲ့သောဒင်္ဂါးပြားများကို ရှေးဟောင်းသုတေသနပညာရှင်များက ဆေးကြောသန့်စင်၍ တန်ဖိုးချင့်တွက်ကာ ဒေသန္တရပြတိုက်သို့ ပေးအပ်သွားမည်ဖြစ်သည်။

**ဆင်ဟွာ။**

# ဆိုက်ဘေးရီးယားတွင် အက်စ်-၄၀၀ ဒုံးစနစ်ဖြန့်ကြက်

**ဗလာဒီဗော့စတော့ မတ် ၁**

ရုရှားအလယ်ပိုင်းစစ်ဒေသမှ အက်စ် ၄၀၀ အမျိုးအစားလေကြောင်းရန်ကာကွယ်ရေး ဒုံးစနစ်ကို ဆိုက်ဘေးရီးယားအနောက်ပိုင်းတွင် တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်သည့် တပ်ဖွဲ့များအတွက် ဖြန့်ကြက်လိုက်ကြောင်း ယင်းစစ်ဒေသ၏ ပြန်ကြားရေးဌာနက မတ် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းဒေသတွင် ချထားသည့်လက်နက်စနစ်အရေအတွက်ကိုမူ ဖော်ပြခြင်းမပြုပေ။ လေကြောင်းရန်ကာကွယ်ရေးတပ်ရင်း ငါးရင်းကို အက်စ် ၄၀၀ အမျိုးအစားခေတ်မီလေကြောင်းရန်ကာကွယ်ရေး ဒုံးစနစ်များဖြင့် ၂၀၁၆ ခုနှစ်တွင် ပြန်လည်တပ်ဆင်ပေးသွားမည်ဟု ရုရှားလက်နက်ကိုင်တပ်ဖွဲ့များ၏ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဗယ်လာရီဂရာဒီမော့ဗ်က ယခုနှစ်ဇန်နဝါရီလကုန်ပိုင်းတွင် ရုပ်မြင်သံကြားမှ ပြောကြားခဲ့သည်။

အောင်ပွဲဟုအမည်ပေးထားသည့် အက်စ်-၄၀၀ အမျိုးအစား နောက်ဆုံးပေါ်ဒုံးကျည်ကာကွယ်ရေးလက်နက်စနစ်သည် တာဝေးပစ်ခတ်နိုင်ပြီး ၂၀၀၇ ခုနှစ်မှစ၍ ရုရှားတပ်ဖွဲ့များအတွက် စတင်ဖြန့်ကြက်ပေးသည်။

အက်စ်-၄၀၀ အမျိုးအစား ဒုံးကျည်စနစ်သည် စစ်လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် တာလတ်ပစ်ဒုံးကျည်များအပါအဝင် ပဲ့ထိန်းဒုံးကျည်များကို ဖျက်ဆီးနိုင်ရန် ပုံစံထုတ်ထားသည့် လက်နက်စနစ်ဖြစ်ပြီး ရန်သူက မြေပြင်မှတိုက်ခိုက်မှုကို ဟန့်တားနိုင်ရန်လည်း အသုံးပြုနိုင်သည်ဟု သတင်းတွင် ဖော်ပြထားသည်။

အက်စ်-၄၀၀ အမျိုးအစားဒုံးကျည်သည် ကီလိုမီတာ ၄၀၀ အကွာအဝေးမှ အမြင့်ကီလိုမီတာ ၃၀ အကွာအဝေးရှိ ပစ်မှတ်ကို ပစ်ခတ်နိုင်စွမ်းရှိသည်။

**ဆင်ဟွာ။**



# မဟာဝိဇယ ခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီး ဗိမာန်တော်ရေစက်ချမင်္ဂလာကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို



**နေပြည်တော် မတ် ၁**

ရွှေတောင်စားစေတီတော် နှစ်(၂၅၀)ပြည့် အထိမ်းအမှတ်မော်ကွန်းဖြစ်သည့် မဟာဝိဇယ ခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီး ဗိမာန်တော် ရေစက်ချကုသိုလ်တော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လောကမာရဇိန်ဘုရားကြီး အရှေ့ဘက်မုခ်ဦးရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်နှင့် သောက်တော်ရေချမ်းများ ကပ်လှူပူဇော်ကြပြီး ရွှေတောင်စားစေတီတော်ကြီးနှင့် ရဟန္တာသိမ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဂေါပကအဖွဲ့နာယကတို့က မဟာဝိဇယ ခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီး ဗိမာန်တော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခေါင်းလောင်းတော်ကြီးကို အမွှေးနံ့သာရည်များပက်ဖျန်းကာ**(ယာပုံ)** မင်္ဂလာခေါင်းလောင်းထိုး၍ ပူဇော်ကြသည်။

ယင်းနောက် ဗိမာန်တော်ကြီး ပတ္တိဒါန ရေစက်ချကုသိုလ်တော်မင်္ဂလာအခမ်းအနားကို လောကမာရဇိန်ဘုရားကြီး အရှေ့ဘက်မုခ်ဦးရှိ ဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ထားဝယ်မြို့ ပခုက္ကူကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဝံသ အမှူးပြုသောသံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော အလှူရှင်များက သံဃာတော်များနှင့် သီလရှင်ဆရာကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဇေယျဝတီကျောင်းတိုက် နာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရွှေတောင်စားစေတီတော် နှစ်(၂၅၀)ပြည့် အထိမ်းအမှတ်မော်ကွန်းအဖြစ် စေတီတော်ကြီးတွင် ထားရှိပူဇော်ရန်အတွက် အမြင့် ၁၂ ပေ၊ အချင်း ၅ ပေ ၇ လက်မရှိပြီး ကြေးပိဿာချိန် ၁၁၇၇၇ ဒသမ ၄ ရှိသော မဟာဝိဇယ ခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီးကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများမှရရှိသည့် ကြေးစင်များဖြင့် ၂၀၁၅ ခုနှစ် မတ် ၂၀ ရက်တွင် မန္တလေးမြို့ တမ္ပဝတီရပ်၌ စတင်သွန်းလောင်းခဲ့ပြီး ဇွန် ၄ ရက်တွင် ရွှေတောင်စားစေတီတော်၏ ရင်ပြင်တော် အရှေ့တောင်ထောင့်အရပ်တွင် ရေစက်ချလှူဒါန်းပူဇော်ခဲ့ခြင်းဖြစ်သည်။ ရွှေတောင်စားစေတီတော်တွင် တည်ထားသည့် မဟာဝိဇယ ခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သာယာဝတီမင်း တည်ထားခဲ့သော ခေါင်းလောင်းတော်ကြီးနှင့် အရွယ်တူ၊ ပုံစံတူဖြစ်ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် သွန်းလောင်းသည့် ခေါင်းလောင်းတော်များတွင် ဒုတိယအကြီးဆုံး ခေါင်းလောင်းတစ်ခုဖြစ်သည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတောင်စားစေတီတော်ရင်ပြင် ဘုရားကြီးပိဋကတ်တိုက်တွင် ဖွင့်လှစ်ထားသည့် E-Library ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ E-Library တွင် ရှေးဟောင်းကျမ်းစာအုပ်များ၊ ဓမ္မစာပေများ၊ ဘာသာရေးစာပေများနှင့် သုတရသစာအုပ်စာစောင်များကို ဘုရားဖူးပရိသတ်များအနေဖြင့် ဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**(မြဝတီ)**

# တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးတို့မှာ မရှိမဖြစ်လိုအပ်

**နေပြည်တော် မတ် ၁**

မိမိတို့သွားနေသည့် ဒီမိုကရေစီစနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်း၊ ဥပဒေဘောင်ထဲမှ အလုပ်ကို ကြိုးစားလုပ်ဆောင်ကြမည်ဆိုလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူရရှိစေမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက်ဖွင့်ပွဲနှင့် ထားဝယ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် လမ်းသန့်ရှင်းရေးယာဉ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီးအားကစားကွင်းရှိ ရွှေဝယ်သီရိ ပညာဗိမာန်စာကြည့်တိုက်ဖွင့်ပွဲနှင့် လမ်းသန့်ရှင်းရေးယာဉ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းက ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးတို့က ရွှေဝယ်သီရိပညာဗိမာန် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စာကြည့်တိုက် ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်ရန်၊ ခေတ်နှင့်အညီလိုက်နိုင်ရန် လိုကြောင်း၊ ပြည်သူတို့၏ ပကတိလိုအပ်ချက်ဆန္ဒမှာ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးတို့မှာ မရှိမဖြစ်လိုအပ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)အား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့ဖြင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပခြင်း၊ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ခြင်းလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နေကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် စည်းကမ်းလိုက်နာမှုသည် အရေးကြီးသဖြင့် ယင်း၏ အခြေခံဖြစ်သည့် အသိပညာ၊ အတတ်ပညာများအား စာဖတ်ခြင်းမှ ရရှိနိုင်ကြောင်း၊ မိမိဘဝတိုးတက်ရေးကိုလည်း အထောက်အကူပြုစေနိုင်ကြောင်း၊ ထားဝယ်ဒေသရှိ လူငယ်လူရွယ်များ၊ ဒေသခံပြည်သူများ အသိပညာတိုးပွားစေရန် ရွှေဝယ်သီရိပညာဗိမာန် စာကြည့်တိုက်အား ရည်ရွယ်ချက်ကြီးမားစွာဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလမ်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောင်းမွန်မှုရှိလာသည်ကို တွေ့မြင်ရကြောင်း၊ ထို့အတွက် မြို့သန့်ရှင်းသာယာလှပရေးအတွက် အထိုက်အလျောက် အထောက်အကူဖြစ်စေရန် လမ်းသန့်ရှင်းရေးယာဉ်တစ်စီးကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့သူမြို့သားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ဒီမိုကရေစီစနစ်တွင် အခြေခံဥပဒေမူဘောင်အတွင်းမှ အလုပ်ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အတူ မိမိတို့ နေ့စဉ်စားသုံးနေသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်ပစ္စည်းများကို ကိုယ့်ဒေသ၊ ကိုယ့်တိုင်းပြည်အတွင်း ထုတ်လုပ်နိုင်အောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အလှူရှင်များက စုပေါင်းလှူဒါန်းသော ရွှေဝယ်သီရိပညာဗိမာန် စာကြည့်တိုက်ဆိုင်ရာ မှတ်တမ်းနှင့် လမ်းသန့်ရှင်းရေးယာဉ်မှတ်တမ်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် စေတနာရှင်အလှူရှင်များက စာကြည့်တိုက်နှင့် လမ်းသန့်ရှင်းရေးယာဉ်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စာကြည့်တိုက်အတွင်းရှိ စာဖတ်ခန်းများ၊ E-Library နှင့် ကလေးစာဖတ်ခန်းများ **(ဝဲပုံ)**ကိုလည်းကောင်း၊ လှူဒါန်းထားသည့် လမ်းသန့်ရှင်းရေးယာဉ်ကိုလည်းကောင်း လိုက်လံကြည့်ရှုကြသည်။

ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက်ကို ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားဝင်းအတွင်းရှိ မြေနေရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်အလှူရှင်များ၏ စုစုပေါင်း လှူဒါန်းငွေ ကျပ်သိန်းပေါင်း ၂၆၀၀ ကျော်ဖြင့် ၂၀၁၅ ခုနှစ် ဇွန် ၄ ရက်တွင် ပန္နက်တော်တင် အခမ်းအနားပြုလုပ်၍ စတင်တည်ဆောက်ခဲ့ကြောင်း၊ RC သုံးထပ်ဆောင် အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် ကလေးစာဖတ်ခန်းများနှင့် ရသစာအုပ်စင်များ၊ ပထမထပ်တွင် E-Library၊ သုတစာအုပ်စင်များနှင့် စာဖတ်ခန်း၊ ဒုတိယထပ်တွင် စာကြည့်တိုက်မှူး ရုံးခန်း၊ အစည်းအဝေးခန်းနှင့် ခန်းမတို့ ပါဝင်ကြောင်းနှင့် စာကြည့်တိုက်အတွင်း၌ လက်ရှိတွင် သုတ၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် ဝတ္ထုစာအုပ် စသည့် အမျိုးအစားစုံ စာအုပ် စုစုပေါင်း ၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ထားဝယ်တပ်နယ် တပ်မတော်ဆေးရုံတွင် ဆေးရုံတက်ရောက် ကုသမှုခံယူနေကြသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများ၊ ဆေးကုသနေမှုအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးကုသဆောင်တွင် ကုသမှုခံယူနေကြသည့် တပ်မတော်သား မိသားစုဝင်များကို အားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကာ ယနေ့ တပ်မတော်ဆေးရုံတွင် မွေးဖွားခဲ့သည့် မိခင်နှင့်ကလေးငယ်တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့အလိုက် အစည်းအဝေးများ မတ် ၁၀ ရက်၌ ကျင်းပမည်

**နေပြည်တော် မတ် ၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့အလိုက် အစည်းအဝေးများ စတင်ကျင်းပမည့်နေ့ရက်ပြင်ဆင် သတ်မှတ်ခြင်း၊** တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ပိုလန်သမ္မတနိုင်ငံနှင့် တူရကီသမ္မတနိုင်ငံတို့မှ ပေးပို့သည့် **သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်း၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာများတိုးချဲ့ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းခြင်း၊ ကော်မရှင်(၁)ခုနှင့် ကော်မတီ(၂)ခု ဖွဲ့စည်းခြင်း**တို့ကို အတည်ပြုဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက **တရုတ်ပြည်သူ့သမ္မတနိုင်ငံ**အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာကျန်တဲ့ကျန်း၊ **ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ**လွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာရှီရင်ရှာ မင်ချောင်ဒရီ၊ **ဗီယက်နမ်နိုင်ငံ**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာငုယင်ဆင်ဟွန်၊ **ရုရှားဖက်ဒရေးရှင်းနိုင်ငံ**အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စ ဗလင်တီနာ အိုင်မတ်ဗီရန်ကို၊ **ပိုလန်သမ္မတနိုင်ငံ** ဆီးနိတ်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ စတန်နီစလော ကာဂျက်စ်စကီးနှင့် **တူရကီသမ္မတနိုင်ငံ**လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ အစ္စမေးလ် ခါရာမန်(န်)တို့ထံမှ ပေးပို့သည့် သဝဏ်လွှာများကို ဖတ်ကြားပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်ကို မူလက မြို့နှစ်မြို့၊ ရပ်ကွက်(၇)ရပ်ကွက်၊ ကျေးရွာအုပ်စု(၄၀)နှင့် ကျေးရွာ (၁၂၄)ရွာဖြင့် ဖွဲ့စည်းထားရှိရာ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးကိစ္စ အရပ်ရပ်ကြောင့် နယ်မြေဒေသအသီးသီးမှ ပြောင်းရွှေ့နေထိုင်ခဲ့ကြသဖြင့် ဝူးကွေ့၊ မားထေး၊ ကောင်လာ၊ ရစ်ဘန်း၊ အော်ချိတ်၊ လေ့လော်၊ လီရှင်း၊ ချွတ်မော်ဇွပ်၊ ဖျင်းလော့၊ ကျင်းယော်၊ အားငှားကာ၊ လာမိုခါး၊ လာအိလို၊ ဆန်ချာ၊ ချီတီ၊ မီရှီဒီ၊ ဟီကြာပူ၊ ရားလူခါး၊ ဆင်းခုံး၊ ဆော့ဇမ်နှင့် လုတ်ဝမ် **စုစုပေါင်းကျေးရွာ(၂၁)ရွာကို တိုးချဲ့ကျေးရွာများအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်း၊** မွိဆမ်၊ လဇုပ်၊ ကျင်းဒေါ့၊ လခန်၊ ဆန်ယူ၊ ဇွမ်ဗျော၊ ထန့်ဗျိုင်၊ တလောမ်၊ ဂျန်ဇန်၊ ချေချင်း၊ ဇွမ်ဝေါ်၊ ဗျော်လီလီဆူ၊ ဝူဇယ်၊ လာဟုတ်၊ လောက်ဂမ်၊ အောက်လောခေါင်၊ ရော့ကြူ၊ ရှီးဇော်၊ မျှော်ရောင်း၊ မောင်ရ၊ ဒင်းဒွန်၊ ငေါ့လန်၊ ရှမ်းဆီး၊ အနဆီးဖခါး၊ ရစ်ဖြူ၊ ကန်းဖန့်နှင့် လာမောင်း **စုစုပေါင်းကျေးရွာ(၂၇)ရွာကိုပယ်ဖျက်ခြင်း၊** လန်းဂျောကျေးရွာအုပ်စု၊ လုပိ ကျေးရွာအုပ်စု၊ ဖီမော်ကျေးရွာအုပ်စုနှင့် လုတ်နော့ဂျန်ကျေးရွာအုပ်စုများ **တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**တို့ကြောင့် ချီဖွေမြို့နယ်တွင် ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာ ၁၁၈ ရွာဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်ကို မူလက ပုလောနှင့် ပလောက်မြို့နှစ်မြို့၊ ရပ်ကွက်(၉)ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၆) အုပ်စုနှင့် ကျေးရွာ ၁၅၃ ရွာဖြင့် ဖွဲ့စည်းထားရာမှ ပလေကျေးရွာနှင့် တိုကျေးရွာတို့ကို စုစည်း၍ ရပ်ကွက်(၄)ရပ်ကွက် ပါဝင်သော ပလမြို့အဖြစ် **တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊** မင်းပြင်၊ ဘိုင်းပြင်နှင့် တလင်းမိုတောင် ကျေးရွာ(၃)ရွာကို ပလကျေးရွာအုပ်စုနှင့် သက်နီးတော၊ တန်းရှင်းနှင့် ပိတပ်ကျေးရွာ(၃)ရွာကို တိုကျေးရွာအုပ်စုအဖြစ် **ပြင်ဆင်ဖွဲ့စည်းခြင်း**ကြောင့် ပုလောမြို့နယ်ကို မြို့(၃)မြို့၊ ရပ်ကွက်(၁၃)ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၆)စုနှင့် ကျေးရွာ(၁၅၁)ရွာဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာသည်။



ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က **မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့**ကို ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူးအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်တို့အပါအဝင် အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းခြင်းကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ထို့ပြင် **ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကိုလည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးကိုကိုနိုင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြတ်အေး၊ အတွင်းရေးမှူးအဖြစ် ဦးခင်မောင်ထွန်းတို့ အပါအဝင် အဖွဲ့ဝင် ၃၅ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ထို့အတူ **အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေတို့ အပါအဝင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

အလားတူ **နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ အတွင်းရေးမှူးအဖြစ် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးတို့အပါအဝင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက **နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် အစည်းအဝေးများ**ကို မူလသတ်မှတ်ထားသည့် ၂၀၁၆ ခုနှစ် မတ် ၁၇ ရက် **အစား** မတ် ၁၀ ရက်သို့ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေး ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။**(သတင်းစဉ်)**

## ပြည်ထောင်စုလွှတ်တော် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့

## (Myanmar Parliamentary Union – MPU)

| စဉ် | ရာထူး | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ | မန်းဝင်းခိုင်သန်း | ဥက္ကဋ္ဌ |
| ၂။ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ | ဦးဝင်းမြင့် | ဒုတိယ ဥက္ကဋ္ဌ |
| ၃။ | ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ | ဦးတီခွန်မြတ် | အဖွဲ့ဝင် |
| ၄။ | ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ | ဦးထွန်းတင် | ။ |
| ၅။ | ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ | ဦးလှထွေး | ။ |
| ၆။ | ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ | ဦးစောချစ်ခင် | ။ |
| ၇။ | ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ | ဦးဇိုဘွဲ့ | ။ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ | ဦးသန်း | ။ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ | ဦးခင်မောင်အေး | ။ |
| ၁၀။ | ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ | ဦးခင်မောင်ရင် | ။ |
| ၁၁။ | မကွေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ | ဦးတာ | ။ |
| ၁၂။ | မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ | ဦးအောင်ကျော်ဦး | ။ |
| ၁၃။ | မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ | ဒေါ်တင်အိ | ။ |
| ၁၄။ | ရခိုင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ | ဦးစံကျော်လှ | ။ |
| ၁၅။ | ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ | ဦးတင်မောင်ထွန်း | ။ |
| ၁၆။ | ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ | ဦးစိုင်းလုံးဆိုင် | ။ |
| ၁၇။ | ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ | ဦးအောင်ကျော်ခိုင် | ။ |
| ၁၈။ | ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက | ဦးအေးသာအောင် | အတွင်းရေးမှူး |

## ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်

| စဉ် | မဲဆန္ဒနယ်၊ ရာထူး | အမည် | တာဝန် |
|---|---|---|---|
| ၁။ | - | သူရဦးရွှေမန်း | ဥက္ကဋ္ဌ |
| ၂။ | ရမည်းသင်းမဲဆန္ဒနယ် | ဦးကိုကိုနိုင် | ဒုတိယ ဥက္ကဋ္ဌ(၁) |
| ၃။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ဒေါက်တာ ဝင်းမြတ်အေး | ဒုတိယ ဥက္ကဋ္ဌ(၂) |
| ၄။ | လမ်းမတော် မဲဆန္ဒနယ် | ဦးခင်မောင်ဝင်း | အဖွဲ့ဝင် |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) | ဦးမောင်မောင်အုန်း | ။ |
| ၆။ | ညွှန်ကြားရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဦးကျင်ဖေ | ။ |
| ၇။ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး | ဦးဇော်မြင့်ဖေ | ။ |
| ၈။ | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့ပုလဲလုပ်ငန်း | ဦးမောင်တိုး | ။ |
| ၉။ | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း | ဦးကြည်သာ | ။ |
| ၁၀။ | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုဝန်ကြီးဌာန | ဦးအေးမောက် | ။ |
| ၁၁။ | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့ရေနံဓာတုလုပ်ငန်း | ဦးသိန်းလွင် | ။ |
| ၁၂။ | ဗိုလ်မှူးကြီး(ငြိမ်း) | ဦးတင်မောင်ဦး | ။ |
| ၁၃။ | ဆားလင်းကြီးမြို့နယ် အများပိုင်ကုမ္ပဏီဥက္ကဋ္ဌ | ဦးစောလှထွန်း | ။ |
| ၁၄။ | မြို့နယ်ဦးစီးမှူး(ငြိမ်း) တိမွေးကုဦးစီးဌာန | ဒေါက်တာ စိုးမိုးအောင် | ။ |
| ၁၅။ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) မီးသတ်ဦးစီးဌာန | ဦးမြင့်ထွန်း | ။ |
| ၁၆။ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဦးစိုးမြင့် | ။ |
| ၁၇။ | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန | ဦးဝင်းသန်း | ။ |
| ၁၈။ | လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)သာသနာရေးဝန်ကြီးဌာန | ဦးစိုးရယ် | အဖွဲ့ဝင် |
| ၁၉။ | သံအမတ်ကြီး(ငြိမ်း) | ဦးခင်မောင်တင် | ။ |
| ၂၀။ | သံအမတ်ကြီး(ငြိမ်း) | ဦးကျော်တင့်ဆွေ | ။ |
| ၂၁။ | အမြဲတမ်းအတွင်းဝန်(ငြိမ်း) နယ်စပ်ရေးရာဝန်ကြီးဌာန | ဦးစံရွှေအောင် | ။ |
| ၂၂။ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | ဦးမြင့်ဆွေ | ။ |
| ၂၃။ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးကျော်စိန် | ။ |
| ၂၄။ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးခင်မောင်ဦး | ။ |
| ၂၅။ | ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ဦးတင်ဝင်း | ။ |
| ၂၆။ | ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးအောင်မြင့် | ။ |
| ၂၇။ | ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးစန်းလွင် | ။ |
| ၂၈။ | ညွှန်ကြားရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဦးအေးဟန် | ။ |
| ၂၉။ | ညွှန်ကြားရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဦးအောင်မြင် | ။ |
| ၃၀။ | တွဲဖက်ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း) ရှမ်းပြည်နယ် | ဦးအောင်မြင့်ထွန်း | ။ |
| ၃၁။ | ညွှန်ကြားရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဦးကျော်စန်း | ။ |
| ၃၂။ | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒေါ်သန်းသန်းရီ | ။ |
| ၃၃။ | ဆရာဝန်ကြီး(ငြိမ်း) | ဒေါက်တာ မြင့်ထွေး | ။ |
| ၃၄။ | စာရင်းစစ်နှင့် ဘဏ္ဍာရေးအကြံပေး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ဒေါ်ညိုညိုလှ | ။ |
| ၃၅။ | တွဲဖက်စစ်ထောက်ချုပ်(ငြိမ်း) | ဦးခင်မောင်ထွန်း | အတွင်း ရေးမှူး |



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြည်ပဧည့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မတ် ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယားအား ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊**(အပေါ်ပုံ)** မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာပီဆာနု ဆူဗာနာရာတအား ယနေ့ ညနေ ၃ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချဲယ် အား ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြည်ပဧည့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချဲယ်အား ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊**(ယာပုံ)** မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာပီဆာနု ဆူဗာနာရာတအား ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာဗီဂျေနမ်ဘီးယားအား ယနေ့ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## ပြည်ထောင်စုလွှတ်တော် အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly) အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | သုံးခွ မဲဆန္ဒနယ် | ဒေါ်စုစုလွင် | ဥက္ကဋ္ဌ |
| ၂။ | ကလောမဲဆန္ဒနယ် | ဒေါ်ပြုံးကေသီနိုင် | အဖွဲ့ဝင် |
| ၃။ | နွားထိုးကြီး မဲဆန္ဒနယ် | ဦးနိုင်ထူးအောင် | ။ |
| ၄။ | ရွှေကူ မဲဆန္ဒနယ် | ဦးဇာနည်မင်း | ။ |
| ၅။ | စလင်း မဲဆန္ဒနယ် | ဦးကံဦး | ။ |
| ၆။ | မိုင်းကိုင် မဲဆန္ဒနယ် | ဦးစိုင်းဆိုင်မိုင်း | ။ |
| ၇။ | ပေါင် မဲဆန္ဒနယ် | ဒေါ်မိကွန်ချမ်း | ။ |
| ၈။ | သာကေတ မဲဆန္ဒနယ် | ဒေါက်တာဝေဖြိုးအောင် | ။ |
| ၉။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ဦးခွန်သိန်းဖေ | ။ |
| ၁၀။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဒေါ်ရွှေရွှေစိန်လတ် | ။ |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးစခင်ဇော်လင်း | ။ |
| ၁၂။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးနိုင်ကိုကို | ။ |
| ၁၃။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါက်တာဝင်းမြင့် | ။ |
| ၁၄။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဦးဖေတင် | ။ |
| ၁၅။ | တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ် | ဗိုလ်မှူး ဇဝန | ။ |
| ၁၆။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါ်ထုမေ | အတွင်းရေးမှူး |

## ပြည်ထောင်စုလွှတ်တော် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union) အဖွဲ့ဝင်များစာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးဇုန်လှယ်ထန်း | ဥက္ကဋ္ဌ |
| ၂။ | ပန်းတောင်း မဲဆန္ဒနယ် | ဒေါ်ခင်နှင်းသစ် | အဖွဲ့ဝင် |
| ၃။ | ကောလင်း မဲဆန္ဒနယ် | ဦးမျိုးဇော်အောင် | ။ |
| ၄။ | ဝါးခယ်မ မဲဆန္ဒနယ် | ဦးဇော်သိန်း | ။ |
| ၅။ | ကျောက်တော် မဲဆန္ဒနယ် | ဦးဦးထွန်းဝင်း | ။ |
| ၆။ | မန်တုံ မဲဆန္ဒနယ် | ဒေါ်နန်းမိုး | ။ |
| ၇။ | မောက်မယ် မဲဆန္ဒနယ် | ဦးစိုင်းငေါင်းဆိုင်ဟိန်း | ။ |
| ၈။ | တပ်မတော်သား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး | ။ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဦးဇော်ဟိန်း | ။ |
| ၁၀။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးဂျေယောဝူ | ။ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | ဦးမောင်မောင်လတ် | ။ |
| ၁၂။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဒေါ်နန်းမိုးမိုးထွေး | ။ |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဦးရဲမြင့်စိုး | ။ |
| ၁၄။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးစိုင်းအုန်းကျော် | ။ |
| ၁၅။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဦးချစ်ထွေး | ။ |
| ၁၆။ | စမ်းချောင်းမဲဆန္ဒနယ် | ဦးဘိုဘိုဦး | အတွင်းရေးမှူး |

# အောင်ဘာလေကံထူးရှင်ရွေးချယ်

**ရန်ကုန် မတ် ၁**

(၃၂၆)ကြိမ် အောင်ဘာလေသိန်းဆုဌာနခွဲမှ ယနေ့ ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၁၅၀၀)**

က-၅၂၀၀၁၇

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)**

င-၁၀၇၆၂၆ င-၅၀၅၇၈၇

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ**

ဗ-၂၅၆၅၂၇
သ-၃၇၂၇၀၉
ဃ-၆၇၇၃၅၁
န-၈၇၁၃၂၁
ပ-၈၇၁၇၆၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၃၀၀)ဆုများ**

ပ-၁၃၄၉၈၃ တ-၃၉၁၇၆၁
ည-၁၇၆၁၅၃ လ-၆၅၃၁၅၇
ဓ-၂၉၈၃၄၇ င-၈၄၄၈၃၅

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ**

ပ-၁၀၀၇၈၃ ည-၇၀၅၉၆၁
ဇ-၁၀၅၄၄၈ ပ-၈၂၇၅၈၃
သ-၅၀၃၁၃၉ တ-၈၈၁၇၀၈
ခ-၅၅၇၉၈၅

**ဆုတစ်ဆုချင်း ကျပ်သိန်း (၁၀၀)ဆုမဲများ**

မ-၁၉၁၉၇၄ ဒ-၄၈၈၂၆၁ န-၅၇၆၂၆၈ ဃ-၆၈၇၂၀၁
လ-၂၉၁၂၂၅ ည-၄၈၉၀၃၈ ဠ-၅၈၄၇၃၄ ခ-၉၄၉၃၇၂
ဗ-၂၉၅၆၂၉ ပ-၄၉၉၁၅၇ န-၅၉၇၇၂၉ ခ-၉၉၃၃၄၀
ကခ-၃၅၅၇၅၃ ဃ-၅၄၃၄၃၅ လ-၆၂၀၄၃၀
ဟ-၃၈၅၇၈၃ ဇ-၅၅၆၄၆၀ န-၆၃၅၄၂၀

ပြည်တွင်းရေးရာ

# မြောင်းတကာစက်မှုဇုန် ရာရှင်းသံမဏိ၊ သံရည်ကျိုစက်ရုံမှ အလုပ်သမားများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေး



**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်အတွင်းရှိ ရာရှင်းသံမဏိ၊ သံရည်ကျိုစက်ရုံ အလုပ်သမားများ တစ်နေ့ ၈ နာရီအလုပ်ချိန်အစား နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ တစ်ဆက်တည်း ၉ နာရီကြာ လုပ်ကိုင်ရခြင်း၊ အချိန်ပိုလုပ်အားခကို လစာတွင် ထည့်သွင်းပေးခြင်းမရှိခြင်း၊ ယခင်အလုပ်သမား ၁၆ ဦးဖြင့် လုပ်ရသောအလုပ်ကို ယခု ရှစ်ဦးဖြင့် ခိုင်းစေခံနေရခြင်း စသည်တို့နှင့်စပ်လျဉ်း၍ မှော်ဘီမြို့နယ် သံမဏိအရည်ကျိုခဲ၊ သတ္တုလုပ်ငန်းဆိုင်ရာ အလုပ်သမားများအဖွဲ့အစည်းက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာညဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်းများက ဖေဖော်ဝါရီ ၁၆ ရက်တွင် ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့သည်။**(ယာပုံ)**

စစ်ဆေးတွေ့ရှိချက်များအရ တိုင်တန်းချက်များမှာ မှန်ကန်ကြောင်းတွေ့ရှိရသဖြင့် စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာစက်ရုံသို့ ပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# သွေးတိုး၊ ဆီးချို သွေးချိုရောဂါများ ကာကွယ်ကုသရေးတိုးချဲ့ဆောင်ရွက်ရန် ဆွေးနွေး

**နေပြည်တော် မတ် ၁**

မြန်မာနိုင်ငံတွင် အဓိကမကူးစက်နိုင်သောရောဂါများဖြစ်သည့် သွေးတိုးရောဂါနှင့် ဆီးချို သွေးချိုရောဂါများ ကာကွယ်ကုသရေး လုပ်ငန်းများကို မြို့နယ်များ၌ အခြေခံကျန်းမာရေးဝန်ထမ်းများက တိုးချဲ့ဆောင်ရွက်ပေးနိုင်ရန်အတွက် ရည်ရွယ်ကျင်းပသည့် "Workshop on Development of Plan for Scaling Up of PEN in Myanmar" ဖွင့်ပွဲ အခမ်းအနားကို မတ် ၁ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။**(ယာပုံ)**




အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက အမှာစကားပြောကြားရာတွင် ၂၀ ရာစုနှစ်ကာလတွင် မကူးစက်နိုင်သောရောဂါများသည် လူတို့၏ကျန်းမာရေးကို ခြိမ်းခြောက်စိန်ခေါ်နေသော ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ဖြစ်ပေါ်လာနေသည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သောကိန်းဂဏန်းများအရ ကမ္ဘာပေါ်တွင်လူပေါင်း ၅၇ သန်းခန့်သေဆုံးခဲ့သည့်အနက် သုံးပုံနှစ်ပုံခန့်ဖြစ်သည့် ၃၆ သန်းခန့်သည် မကူးစက်နိုင်သောရောဂါများကြောင့် သေဆုံးခဲ့ရပြီး ကူးစက်တတ်သောရောဂါများကြောင့် သေဆုံးမှုထက် ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကိုသာမက မကူးစက်နိုင်သောရောဂါများ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ မြန်မာနိုင်ငံအတွက် ရှေ့လာမည့်နှစ်များအတွင်း ပိုမိုထိရောက်သောရောဂါကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် စီမံချက်တစ်ခု ရေးဆွဲသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စီမံချက်အသီးသီးမှ စီမံချက်မန်နေဂျာများ၊ ပြည်တွင်း/ပြည်ပလူမှုရေးအသင်းအဖွဲ့များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

ပြည်သူလူထုအတွင်း အဓိကမကူးစက်နိုင်သော ရောဂါများဖြစ်သည့် ဆီးချို သွေးချိုရောဂါ၊ သွေးတိုးရောဂါများကို အခြေခံကျန်းမာရေးဝန်ထမ်းများက ကာကွယ်ကုသပေးနိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီဖြင့် Package of Essential Non Communicable Diseases, PEN စီမံချက်ကို ရန်ကုန်တိုင်းဒေသကြီးရှိ လှည်းကူး၊ မှော်ဘီမြို့နယ်တို့တွင် ၂၀၁၂ ခုနှစ်မှစတင်၍ စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။

ယခုအခါ နိုင်ငံတော်မှတိုးမြှင့်ချထားပေးသော ကျန်းမာရေးအသုံးစရိတ်များနှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ Help Age International အဖွဲ့တို့၏ ပူးပေါင်းပါဝင်မှုဖြင့် အဆိုပါ စီမံချက်လုပ်ငန်းများကို အခြားမြို့နယ်များသို့ နှစ်အလိုက်စနစ်တကျ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❒ **အင်းတော်ကြီးကန်မှ**

ရေတိမ်ဒေသနေ့ (World Wetland Day) တွင် အင်းတော်ကြီးကန်ဒေသအား ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ခဲ့သည်။ ရေတိမ်ဒေသများကို ထိန်းသိမ်းကာကွယ်ခြင်းတွင် အရေးပါသည့် လုပ်ငန်းတစ်ခုမှာ ကမ္ဘာ့အဆင့်ထူးခြားသည့် ရေတိမ်ဒေသများကို ရမ်ဆာရေတိမ်ဒေသ (Ramsar Site) များအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ရမ်ဆာရေတိမ်ဒေသ (Ramsar Site)များ အဖြစ် သတ်မှတ်နိုင်သည့် ကမ္ဘာ့အဆင့် ထူးခြားသည့် ရေတိမ်ဒေသအများအပြားတည်ရှိပြီး အင်းတော်ကြီးကန်ဒေသသည် မိုးယွန်းကြီး ရမ်ဆာရေတိမ်ဒေသပြီးလျှင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရမ်ဆာရေတိမ်ဒေသဖြစ်လာသည်။ သစ်တောဦးစီးဌာနသည် ရမ်ဆာရေတိမ်ဒေသများအဖြစ် သတ်မှတ်ခြင်းကို ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့သတ်မှတ်ခြင်းကို စီမံအုပ်ချုပ်ခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဒေသခံပြည်သူဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် အုပ်ချုပ်ရေးမှူးရုံးများကို ဖွင့်လှစ်ထားပြီး ဝန်ထမ်းများဖြင့် စီမံအုပ်ချုပ်လျက်ရှိသည့် တည်ထောင်ပြီး သဘာဝနယ်မြေများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

အင်းတော်ကြီးရေတိမ်ဒေသတွင် ဆောင်းခိုငှက်နှင့် ဌာနေငှက်အနည်းဆုံးကောင်ရေ (၂၀၀၀၀) ပုံမှန်တွေ့ရှိရသည်။ အဓိကအားဖြင့် ရေကြက်ဒုံ (ကောင်ရေ ၃၀၀၀ အထက်)၊ မယ်ညို(ကောင်ရေ ၅၀၀၀ အထက်)၊ Tufted and Ferruginous Ducks (ကောင်ရေ ၃၀၀၀ ကျော်)၊ စစ္စလီငှက်(ကောင်ရေ ၂၀၀၀ ကျော်) ခန့်ကျက်စားပြီး ခရုစုပ်ငှက်များ၊ ငန်းများ၊ ရေဘဲများ၊ ကမ်းခြေပျော်ခြေတံရှည်ငှက်များ၊ ကြိုးကြာခေါင်းနီ၊ လင်းတ၊ လင်းယုန်နှင့် စင်ရော် အစရှိသည့် ငှက်မျိုးစိတ် ၂၂၀ခန့် ကျက်စားလျက်ရှိသည်။ ငါးများနှင့် လိပ်များ အပါအဝင် ကမ္ဘာလုံးဆိုင်ရာ အရေးပါသော ရေချိုမျိုးစိတ်များ ကျက်စားလျက်ရှိကာ နိုင်ငံတကာတွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော လိပ်မျိုးစိတ် ငါးမျိုးဖြစ်သည့် လေးကွက်လိပ်၊ လိပ်ဝါ၊ ခြေခြောက်ချောင်းလိပ်၊ လိပ်ရင်ကျိုးတို့ကို တွေ့ရှိရသည်။ ငါးမျိုးစိတ်များမှာ စုံလင်ကွဲပြားကာ မျိုးစိတ်အရေအတွက် (၉၃)မျိုးအထိ တွေ့ရှိမှတ်တမ်းတင်ထားပြီး မျိုးစိတ်သစ်ဟုယူဆရသော ငါးမျိုးစိတ် (၇)မျိုးကို မကြာသေးမီကမှ ဤရေတိမ်ဒေသအတွင်း ရှာဖွေတွေ့ရှိခဲ့သည်။

အင်းတော်ကြီးရေတိမ်ဒေသတွင် သဘာဝတန်ဖိုးများသာမက ယဉ်ကျေးမှုတန်ဖိုးများလည်း ထူးခြားကြွယ်ဝလှသည်။ အထူးသဖြင့် အင်းတော်ကြီးကန်အတွင်းရှိ ရွှေမဉ္ဇူရေလယ်ဘုရားမှာ ထင်ရှားသောယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သည်။ ထိုသို့ထူးခြားသည့် သဘာဝနှင့်ယဉ်ကျေးမှု အမွေအနှစ်များရှိခြင်းကြောင့် အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ၂၀၀၃ ခုနှစ်တွင် အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်နေရာလျာထားစာရင်းတွင် ထည့်သွင်းထားသည်။

အင်းတော်ကြီး ရမ်ဆာဒေသ သတ်မှတ်ခြင်းနှင့်အတူ အင်းတော်ကြီးလူသားနှင့် ဇီဝအဝန်းနယ်မြေ သတ်မှတ်ခြင်းခံရရေး၊ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရေးဆွဲရေးတို့ကို သစ်တောဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (Fauna&Flora International-FFI)၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန (ASEAN Centre for Biodiversity-ACB) တို့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အင်းတော်ကြီး ရမ်ဆာရေတိမ်ဒေသ သတ်မှတ်နိုင်ခဲ့ခြင်းဖြင့် **ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးတို့အပေါ် နိုင်ငံတကာနည်းပညာ၊ ရန်ပုံငွေ အထောက်အပံ့တိုးတက်ရရှိခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ အခြားသောဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မည့် စံနမူနာ (Model) အဖြစ် အသုံးပြုနိုင်ခြင်း၊ သဘာဝ အရင်းအမြစ်များအပေါ် ထိခိုက်မှုနည်းပါးပြီး ဒေသခံများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း**စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

သဘာဝ နယ်မြေများသည် ရေရှည် တည်မြဲစေရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ပူးပေါင်းပါဝင်ခြင်းဖြင့် အပြန်အလှန်နားလည်မှုများ တိုးပွားလာမည်ဖြစ်ပြီး ဒေသခံပြည်သူနှင့် သဘာဝပတ်ဝန်းကျင် ယှဉ်တွဲနေထိုင်ခြင်း (Human-Nature co-existence) အားရရှိမည်ဖြစ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးရေးနှင့်ထိန်းသိမ်းရေးကို အတူယှဉ်တွဲဆောင်ရွက်နိုင်မည့် ရမ်ဆာရေတိမ်ဒေသ သတ်မှတ်၍ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းသည် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဂေဟစနစ်စီမံအုပ်ချုပ်ခြင်းနှင့် ဇီဝမျိုးစုံ မျိုးကွဲများအား ထိန်းသိမ်းခြင်း၊ သယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ခြင်းတို့အတွက် နည်းလမ်းတစ်ခုဖြစ်ပြီး ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးနှင့် နိုင်ငံသားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။ ။

❒

# အလုပ်တွင် ထိခိုက်ဒဏ်ရာရမှုကြောင့် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ထုတ်ပေး

**ပဲခူး မတ် ၁**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ငွေလုံးငွေရင်း အကျိုးခံစားခွင့် ထုတ်ပေးသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က ပဲခူးမြို့ရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားသည့် ကျောက်တံခါးမြို့နယ် သာယာကုန်းမှ ခတ်အားပို့လွှတ်ရေးစီမံကိန်း မန်နေဂျာရုံး(၂)မှ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့် အာမခံအလုပ်သမား လက်ထောက်မန်နေဂျာ ဦးတင်ဇော်မင်းအတွက် ကျန်ရစ်သူမိသားစုအား နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၅၄သိန်းအား ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းက ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် အာမခံအလုပ်သမား သုံးဦးတို့အတွက် ငွေလုံးငွေရင်းနှင့် အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# တစ်နိုင်ငံလုံးအဆင့် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် တစ်နိုင်ငံလုံးအဆင့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများအကြား ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီ ၆၉ ပါတီနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ၅၁ ဖွဲ့မှ တာဝန်ရှိသူများ၊ မီဒီယာများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကဏ္ဍစုံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ယမန်နေ့ အုပ်စုဖွဲ့ဆွေးနွေးခြင်းမှ ရရှိခဲ့သော အကြံပြုချက်များနှင့် သုံးသပ်ချက်များကို တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်း၊ မဲဆန္ဒရှင်အသိပညာပေးခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရွေးကောက်ပွဲလွန်ကာလ ခြုံငုံသုံးသပ်ချက်များ၊ မြေပုံများနှင့် ရလဒ်အထွေထွေကို စိစစ်လေ့လာခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် မဲပေးနိုင်မှု၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များ ရေးဆွဲခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေး အစီအစဉ်များ၊ ရွေးကောက်ပွဲစနစ်များနှင့် မဲဆန္ဒနယ်များ သတ်မှတ်ရေးဆွဲခြင်း၊ ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများနှင့် ရွှေ့ပြောင်းအလုပ်သမားများအရေးအတွက်၊ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲနှင့် ကွန်ပျူတာနည်းပညာဆိုင်ရာများ၊ ဥပဒေမူဘောင်များ၊ မဲဆွယ်စည်းရုံးရေးအသုံးစရိတ်၊ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေး၊ လူနည်းစု တိုင်းရင်းသားလူမျိုးများပါဝင်ရေး၊ စောင့်ကြည့်လေ့လာသူများ ကျင့်ဝတ်နှင့် အသိအမှတ်ပြုမှုများကို တက်ရောက်လာသူများကအဖွဲ့များခွဲကာ သုံးသပ်အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**

■

# တင်ဒါပယ်ဖျက်ကြောင်းကြေညာခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရန်ကုန်မြို့ရှိ အမှတ်(၅၆၉/၅၇၇) ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ယခင်သွင်းကုန်ထုတ်ကုန်လုပ်ငန်းရုံးဟောင်း လေးထပ်အဆောက်အအုံအား နိုင်ငံတကာအဆင့်မီဟိုတယ်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူခဲ့ရာ စန္ဒာဟိုတယ် ကုမ္ပဏီလီမိတက်နှင့် ချိုဇော်ဆောက်လုပ်ရေးကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်မည့် Inle Lake View Resort အား ၂၂-၁၀-၂၀၁၄ ရက်နေ့တွင် တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ခဲ့ပါသည်။

Inle Lake View Resort အား တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ပြီးနောက် လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် ၂၇-၁၀-၂၀၁၄ ရက်နေ့တွင် အကြောင်းကြားခဲ့သော်လည်း ယနေ့တိုင် လုပ်ငန်းစတင်ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် ရန်ကုန်မြို့ရှိ ယခင်သွင်းကုန်ထုတ်ကုန်လုပ်ငန်းရုံးဟောင်း လေးထပ်အဆောက်အအုံ၏ တင်ဒါအား ပယ်ဖျက်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

# သုတေသနရလဒ်များ သင်ကြားရေးတွင် များစွာအထောက်အကူပြု

**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ကြီးမှူး၍ The 14th International Conference on Computer Applications (ICCA 2016) သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါစာတမ်းဖတ်ပွဲနှင့်ပတ်သက်၍ ဒေါက်တာဒေါ်မီမီသက်သွင် (ပါမောက္ခချုပ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**



**ဒေါက်တာ ဒေါ်မီမီသက်သွင် (ပါမောက္ခချုပ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)**

**မေး။ ဒီနှစ်ပြုလုပ်တဲ့ သုတေသနစာတမ်းဖတ်ပွဲနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ ဒီသုတေသနစာတမ်းဖတ်ပွဲက (၁၄)ကြိမ်မြောက်ဖြစ်ပါတယ်။ နှစ်စဉ်ကျင်းပတဲ့ စာတမ်းဖတ်ပွဲဖြစ်ပါတယ်။ အထူးသဖြင့်ကတော့ သုတေသနကဏ္ဍကို ဦးစားပေးပြီးတော့မှပြုလုပ်တဲ့ စာတမ်းဖတ်ပွဲဖြစ်ပါတယ်။

**မေး။ ဒီစာတမ်းဖတ်ပွဲမှာ နိုင်ငံတကာက ဘယ်လိုပညာရှင်တွေပါဝင်ပြီး စာတမ်းဖတ်ကြားမှာပါလဲ။ ဘယ်နိုင်ငံတွေက ပါဝင်ပါသလဲ။**

ဖြေ။ ပြည်ပက ပညာရှင်တွေရော ပြည်တွင်းက ပညာရှင်တွေရော ပါဝင်ပါတယ်။ အထူးသဖြင့်တော့ အိုင်တီအထူးပြုပေ့ါ။ ဒီကဏ္ဍကလည်း အလွန်ကျယ်ပြန့်တော့ သူ့မှာကဏ္ဍအခွဲတွေကလည်း အများကြီးရှိတယ်။ ကဏ္ဍအလိုက် သုတေသနပညာရှင်တွေလာပြီး ဆွေးနွေးကြတာပါ။ နိုင်ငံပေါင်း ၁၀ နိုင်ငံ ပါဝင်ပြီး ကိုရီးယား၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံတွေနဲ့ အာရှနိုင်ငံတွေ ဖြစ်ပါတယ်။

**မေး။ အခုလို သုတေသနစာတမ်းဖတ်ပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပတဲ့ ရည်ရွယ်ချက်ကိုလည်း သိချင်ပါတယ်။**

ဖြေ။ အထူးသဖြင့်တော့ ကျွန်မတို့ပြုလုပ်နေတဲ့ သုတေသနတွေဟာ နိုင်ငံတကာအဆင့်လိုဖြစ်အောင် အခုဖွင့်လှစ်ထားပြီးဖြစ်တဲ့ ပါရဂူသင်တန်းတွေရှိပါတယ်။ အဲဒီပါရဂူသင်တန်းက သုတေသနလုပ်ငန်းတွေလုပ်နေပါတယ်။ အဲဒီ သုတေသနလုပ်ငန်းတွေကို တင်ပြတဲ့အခါမှာ နိုင်ငံတကာ သုတေသနပညာရှင်တွေကလည်း ဝိုင်းဝန်းဆွေးနွေးပြီး အကြံပြုပါတယ်။ အဲဒီအခါမှာ ကျွန်မတို့ရဲ့ သုတေသနဟာ လက်တွေ့လည်းအသုံးချနိုင်အောင် နိုင်ငံတကာနဲ့လည်းအဆင့်မီနိုင်အောင်၊ အဲဒီလိုပဲ နိုင်ငံခြားတက္ကသိုလ်တွေကလည်း သုတေသနပညာရှင်တွေကို စေလွှတ်ပြီးတော့ ကျွန်မတို့ ဘာတွေလုပ်နေလဲဆိုတာ သူတို့လည်း လေ့လာတယ်။ အပြန်အလှန်ဆွေးနွေးညှိနှိုင်းပြီးတော့မှ တက္ကသိုလ်ရဲ့သုတေသနတွေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်တာ ဖြစ်ပါတယ်။

**မေး။ သုတေသနကဏ္ဍဟာ ဘယ်လောက်အထိ အရေးပါထိရောက်ပါသလဲ။ ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်ပါသလဲ။**

ဖြေ။ ကွန်ပျူတာတက္ကသိုလ်တွေရဲ့ အသက်ကတော့ သုတေသနဖြစ်မှ ဖြစ်မှာပါ။ သုတေသနရလဒ်တွေ ရလာတဲ့အခါမှာတော့ သင်ကြားရေးမှာ များစွာအထောက်အကူပြုပါတယ်။ မဟုတ်ရင် သူများသုတေသနလုပ်ပြီး ရတဲ့ရလဒ်ကိုဖတ်ပြီး သင်တာထက်စာရင် ကိုယ်လုပ်တဲ့သုတေသနရလဒ်အရ လက်တွေ့ဖြန့်ဝေပေးနိုင်မှ ကျွန်မတို့ ကျောင်းသား ကျောင်းသူတွေရဲ့ပညာဟာ မြင့်တက်လာမှာ ဖြစ်ပါတယ်။ အထူးသဖြင့်ကတော့ ကျောင်းသားကျောင်းသူတွေ ပညာမြင့်တက်လာမှ ဒီ Industry က တိုးတက်မှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ဒီ Industry မှာ သူတို့ဟာ အသုံးဝင်တဲ့သူတွေ ဖြစ်လာမှာဖြစ်ပါတယ်။

**မေး။ ဒီစာတမ်းဖတ်ပွဲမှာ သုတေသနအပြင် တခြားအိုင်တီနဲ့ပတ်သက်တဲ့ အချက်အလက်တွေ မျှဝေပေးချင်တာ ရှိပါသလား။**

ဖြေ။ ဟုတ်ကဲ့။ အထူးသဖြင့် ဥပမာအားဖြင့် ပြသသွားတဲ့ မောင်းသူမဲ့လေယာဉ်လိုမျိုး လက်တွေ့ဆင်းနေတဲ့ စိုက်ပျိုးရေးတို့လို၊ နယ်ပယ်အသီးသီး အစရှိတဲ့ စည်ပင်သာယာရေး၊ လမ်း/တံတား၊ ဆောက်လုပ်ရေးအကုန်လုံး ဒါတွေဟာ အသုံးကျနိုင်တဲ့ အက်ပလီကေးရှင်းတွေနဲ့ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဥပမာ Natural Languages Process ဘာသာပြန်တာ၊ Speak to Speak Translate လုပ်တာ၊ အဲလိုမျိုးကိစ္စတွေပါ။ ပေါင်းပြီးလုပ်ရတဲ့ အက်ပလီကေးရှင်းမျိုးတွေရှိပါတယ်။ အလုပ်ရုံဆွေးနွေးပွဲသုံးခု လောက်ပါပြီး Network နဲ့ ပတ်သက်တဲ့ Network Security၊ Server Security၊ Internet Security လုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ ပါပါတယ်။

အခု ဒီခေတ်ကတော့ အိုင်တီမရှိတဲ့ ရုံးဌာန ဘယ်နေရာမှ မရှိတဲ့အတွက် သူကတော့ လက်တွေ့မဖြစ်မနေ သုံးကိုသုံးရမယ့်ဟာပါ။ အဲဒီတော့ နဂိုက အခြေခံအဆောက်အအုံပိုင်းဆိုင်ရာတွေ လိုအပ်တယ်။ မီးလိုအပ်တယ်။ အင်တာနက်ကွန်နက်ရှင်တွေ လိုအပ်တယ်။ ကွန်ပျူတာတွေလိုအပ်တယ်။ အခုအချိန်ကတော့ ကျွန်မတို့အားလုံးမှာ စမတ်ဖုန်းကအစ ကွန်ပျူတာတွေဖြစ်နေပြီဆိုတော့ လိုအပ်ချက်ကိရိယာတွေကလည်း ပြည့်စုံတယ်။ အခြေခံအဆောက်အအုံက အကုန်ရှိလာပြီဆိုတဲ့အတွက် အိုင်တီကတော့ လူတိုင်းအသုံးကျတဲ့ဟာဖြစ်လာမှာပါ။

ဒီသုတေသနလုပ်ငန်းတွေဟာ တက္ကသိုလ်တွေအတွက်ကော နိုင်ငံအတွက်ပါ ဆက်လက်ပြီးဖွံ့ဖြိုးတိုးတက်သွားမယ်လို့ မျှော်လင့်ပါတယ်။

ကျေးဇူးတင်ပါတယ်။

**(ဆုနှင်းလဲ့)**

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်ပေးလျက်ရှိ

**နေပြည်တော် မတ် ၁**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဘွဲ့/ဒီဂရီ/ဒီပလိုမာသင်တန်းသို့ ပညာသင် ၃၈ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၁၆၀ စုစုပေါင်း ပညာသင် ၁၉၈ ဦးအား ပြည်ပနိုင်ငံ ၁၇ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဖေဖော်ဝါရီလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဩစတြေးလျနေသဟာယနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏သတင်းထုတ်ပြန်ချက်အရသိရသည်။ **(သတင်းစဉ်)**

### ❖ ပန်းလှိုင်မြစ်ကမ်းမှ

၂၀၁၅ ခုနှစ် မိုးရာသီအတွင်း မြစ်ကမ်းပါးအောက်ခြေများကို မြစ်ရေစီးပြင်းထန်စွာတိုက်စားခြင်း၊ ဧရာဝတီမြစ်မကြီးနှင့် ပန်းလှိုင်မြစ်ခွဲထွက်ရာ မြစ်ရေဦးထိုးတိုက်စားသည့်နေရာတွင် တည်ရှိပြီး မြစ်ရေနက်စီးကြောင်းကပ်လျက်စီးဆင်းခြင်းတို့အပြင် မြစ်ရေများ လျင်မြန်စွာလျော့နည်းကျဆင်းလာမှုကြောင့် ဇန်နဝါရီ ၂ ရက်က ပန်းလှိုင်မြစ်ကမ်းဘေးရှိ ညောင်တုန်းမြို့၏ (၈)လမ်းနှင့် (၁၁)လမ်းအကြား ကမ်းပြိုမှုဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်ကြောင့် အလျားပေ ၃၀၀၊ အနံပေ ၅၀ နှင့် ပျမ်းမျှအနက် ၁၅ ပေခန့် မြစ်ကမ်းပါးအိလျော့နိမ့်ဆင်းခဲ့ပြီး ပြုပြင်တည်ဆောက်ဆဲဖြစ်သော ညောင်တုန်းမြို့ပတ်တာ၏ ပေတိုင် (၃+၇၆၀)ပေမှ (၄+၀၆၀)ပေအတွင်းရှိ အုတ်မြေထိန်းနံရံအလျားပေ ၂၀၀ ခန့်လည်း ပြိုကျသွားခဲ့သည်။

ထို့ကြောင့် ကမ်းပြိုမှုဆက်လက်မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ယခုနှစ် မိုးရာသီမတိုင်မီ အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့ပတ်တာပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ယခုနှစ် မတ်လကုန်တွင် ပြီးစီးအောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးစိုးနိုင်(ကြေးမုံ)**

### ✻ ကံဘဲ့တာဝါမှ

Tower A၊ Tower B၊ Tower C၊ Tower D နှင့် Tower E ဟူ၍ အဆောက်အအုံများ ခွဲခြားသတ်မှတ်ထားရှိပြီး အဆောက်အအုံငါးလုံး ဆောက်လုပ်သွားမည်ဖြစ်သည်။ အဆောက်အအုံများမှာ အထပ်မြင့် ၂၆ ထပ်ရှိ အဆောက်အအုံသုံးလုံး၊ အထပ်မြင့် ၂၁ ထပ်ရှိ အဆောက်အအုံတစ်လုံးနှင့် အထပ်မြင့် ၁၂ ထပ်ရှိ အဆောက်အအုံတစ်လုံးတို့ပါဝင်မည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံး၌ စုစုပေါင်းအခန်းအရေအတွက်မှာ ၅၃၅ ခန်းရှိမည်ဖြစ်ကာ ယာဉ်အစီးရေ ၆၀၀ ကျော်ရပ်နားနိုင်မည့် ကားပါကင် ပါဝင်မည်ဖြစ်သည်။

အဆိုပါ ကံဘဲ့တာဝါ အဆင့်မြင့်ကွန်ဒိုစီမံကိန်း၌ နိုင်ငံတကာအဆင့်မီဓာတ်လှေကားများ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်းနှင့် အခန်းများ၏ဖွဲ့စည်းပုံအရ ၇၅၄ စတုရန်းပေမှ ၁၂၁၁ စတုရန်းပေကြားထိ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် အဆောက်အအုံများအတွင်း ကလေးကစားကွင်းများ၊ ရေကူးကန်များ၊ အားကစားခန်းမများနှင့် ဈေးဆိုင်ခန်းများ ပါဝင်မည်ဖြစ်ပြီး စီမံကိန်းဧရိယာအတွင်း ရာခိုင်နှုန်း ၃၀ ကို ပတ်ဝန်းကျင်စိမ်းလန်းမှုဧရိယာအဖြစ် ထည့်သွင်းဖန်တီးလုပ်ဆောင်သွားမည်ဖြစ်သည်။

Golden Thitsar ကုမ္ပဏီလီမိတက်မှတာဝန်ရှိသူက "ရန်ကင်းမြို့နယ်က ရန်ကုန်မြို့မှာ နေရာအချက်အချာကျတဲ့နေရာဖြစ်ပါတယ်။ ပြီးတော့ လမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်တယ်။ ယာဉ်ကြောပိတ်ဆို့မှုသက်သာတဲ့နေရာလည်းဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံဖို့အတွက် အလွန်ကောင်းပါတယ်။ ပြီးတော့ အဆောက်အအုံပြီးစီးသွားပြီဆိုရင် ဒီမှာနေထိုင်ကြမယ့်သူတွေဟာ စိတ်ကျေနပ်မှုရစေမှာဖြစ်ပြီး စီမံကိန်းပြီးစီးပြီဆိုရင် ရန်ကုန်မြို့နေပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါလိမ့်မယ်"ဟု ဆိုသည်။

ကံဘဲ့တာဝါ အဆင့်မြင့်ကွန်ဒိုစီမံကိန်း အိမ်ရာတစ်ခုလုံး၌ wifi တပ်ဆင်ထားခြင်း၊အဆင့်မြင့်စမတ်ကျသော လေအေးပေးစက်နှင့်လိုက်ကာများ တပ်ဆင်ထားခြင်း၊ အဆင့်မြင့်စမတ်ကျသော လက်ဗွေလျှို့ဝှက်စနစ်သော့ပါဝင်ခြင်း၊ လူနေအိမ်ခန်းများအတွင်း၌ စကားအပြန်အလှန်ပြောဆိုနိုင်သော ရုပ်မြင်ကင်မရာ တပ်ဆင်ထားခြင်းနှင့် နိုင်ငံတကာအဆင့်မီနောက်ဆုံးပေါ်ရေသန့်စက်များ တပ်ဆင်အသုံးပြုထားခြင်းတို့ ပါဝင်မည်ဖြစ်ပြီး အခန်းနေပြည်သူများလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသည်။ ကံဘဲ့တာဝါ အဆင့်မြင့်ကွန်ဒိုစီမံကိန်းဧရိယာဝန်းကျင်၌ ကြယ်ငါးပွင့်အဆင့်ရှိဟိုတယ်များ၊ အဆင့်မြင့်ဈေးဝယ်စင်တာများ၊ ကျောင်း၊ ဆေးရုံ၊ အနားယူအပန်းဖြေနိုင်သော နေရာများရှိနေသောကြောင့် လူအသွားအလာစည်ကားပြီး နေထိုင်မှုဘဝပတ်ဝန်းကျင်အတွက် လုံခြုံချောမွေ့စေကြောင်း သိရသည်။

လက်ရှိအနေအထားအရ ကံဘဲ့တာဝါအဆင့်မြင့်ကွန်ဒိုစီမံကိန်းစတင်ရန်အတွက် ဆာဗေးလုပ်ငန်းများစတင်နေပြီဖြစ်ပြီး အဆိုပါ စီမံကိန်းဆောင်ရွက်ပြီးစီးပါက ရန်ကုန်မြို့သို့ အကြောင်းကိစ္စအရပ်ရပ်ကြောင့် လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက်ပါ အကျိုးရှိဖြစ်စေမည်ဖြစ်ကာ ရန်ကုန်မြို့ရှိ လူဦးရေအချို့အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြစေတော့မည်ဖြစ်ကြောင်းနှင့် ကံဘဲ့တာဝါ အဆင့်မြင့်ကွန်ဒိုစီမံကိန်းကို လာမည့် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း Golden Thitsar ကုမ္ပဏီလီမိတက်မှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-စိုးဝင်း(MLA)**

# နိုင်ငံတော်အစိုးရက အဆင့်မြင့်မင်္ဂလာဈေး မီးဘေးသင့်ဈေးသူ ဈေးသားများအား ထောက်ပံ့ငွေများပေးအပ်

သတင်းနှင့် ဓာတ်ပုံ - ဇော်ကြီး (ပဏ္ဍိတ)

**ရန်ကုန် မတ် ၁**

နိုင်ငံတော်အစိုးရက ရန်ကုန်မြို့အဆင့်မြင့်မင်္ဂလာဈေးမီးလောင်ရာတွင် ဆိုင်ခန်းများမီးလောင်ဆုံးရှုံးခဲ့သည့် မီးဘေးသင့် ဈေးသူဈေးသားများအား ယနေ့ညနေပိုင်းတွင် ထောက်ပံ့ငွေများ စတင်ပေးအပ်သည်။

"ထောက်ပံ့ငွေ ထုတ်ယူနိုင်ဖို့ လိုအပ်တဲ့ အထောက်အထားတွေကို ကြိုတင်ကြေညာထားတယ်။ ထုတ်ယူတဲ့အခါမှာလည်း မြန်ဆန်မှုရှိအောင် ဆိုင်ခန်းအမှတ်စဉ်တွေအလိုက်ခွဲထားပြီး ငွေထုတ်ကောင်တာလေးခုနဲ့ အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနတောင်ပိုင်းခရိုင် လက်ထောက်ဌာနမှူး ဦးကျော်မြင့်က ပြောသည်။

အဆိုပါ အဆင့်မြင့်မင်္ဂလာဈေးတွင် ဆိုင်ခန်းပေါင်း ၄၀၆၇ ခန်းရှိရာ ဇန်နဝါရီ ၉ ရက်နံနက် အစောပိုင်းက မီးလောင်မှုကြောင့်ဆိုင်ခန်းပေါင်း ၁၆၃၆ ခန်း မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်ဆုံးရှုံးခဲ့သည့် ဆိုင်ရှင်များအား နိုင်ငံတော်အစိုးရက မီးဘေးသင့် ဆိုင်ခန်းတစ်ခန်းလျှင် ထောက်ပံ့ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် ဆိုင်ခန်းပေါင်း ၁၆၃၆ ခန်းအတွက် ငွေကျပ် ၁၁၄၅၂ သိန်းကို ယနေ့ညနေပိုင်းမှစတင်၍ ထုတ်ပေးလျက်ရှိသည်။

"ကိုယ်ဆုံးရှုံးခဲ့တဲ့ပမာဏကို ပြန်ဖြည့်ဖို့အတွက် အထောက်အကူဖြစ်ပါတယ်။ ဒီအချိန်မှာ ဆိုင်ပြင်ဖို့နဲ့ ကုန်ပစ္စည်းပြန်လည်ဝယ်ယူဖို့ ငွေလိုနေတယ်။ နိုင်ငံတော်က စေတနာနဲ့ ထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ထောက်ပံ့ငွေလာရောက်ထုတ်ယူသူ (စားသောက်ကုန်မျိုးစုံဆိုင်ရှင်) ဒေါ်သီသီဆွေကပြောသည်။

စတင်ထုတ်ပေးသည့် ညနေပိုင်းတွင် လာရောက်ထုတ်ယူသူ ၂၈၀ ရှိခဲ့ပြီး ကျန်ရှိနေသူများအား မတ် ၃ ရက်တွင် နံနက် ၁၁ နာရီမှ ညနေ ၅ နာရီခွဲအချိန်အတွင်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဖေဖော်ဝါရီလအတွင်းက စည်ပင်ဘဏ်မှ ငွေကျပ် တစ်ဘီလီယံကို မီးဘေးသင့် ဈေးသူဈေးသားများအား ချေးငွေချပေးခဲ့ရာ ချေးငွေထုတ်ယူသူ ၃၂၂ ဦး ရှိခဲ့ပြီး တစ်ဦးလျှင် ငွေကျပ် ၃၁ သိန်းကျော် ရရှိခဲ့ကြောင်းသိရသည်။



နိုင်ငံတော်အစိုးရကပေးအပ်သည့်ထောက်ပံ့ငွေကို မတ် ၁ ရက်ညနေက ဈေးသူ ဈေးသားများ လာရောက်ထုတ်ယူနေသည်ကိုတွေ့ရစဉ်။

# ရန်ကုန်မြို့အတွင်း ခေတ်မီ မီးပွိုင့်နှင့် ဗဟိုထိန်းချုပ်စခန်းတည်ဆောက်ခြင်း တင်ဒါခေါ်ယူမှုနှင့်စပ်လျဉ်း၍ရှင်းလင်း

သတင်း - ရီရီမြင့်၊ ဥမ္မာသန့် ၊ ဓာတ်ပုံ - ဇော်မင်းလတ်

**ရန်ကုန် မတ် ၁**

ရန်ကုန်မြို့အတွင်း ခေတ်မီ မီးပွိုင့်နှင့် ဗဟိုထိန်းချုပ်စခန်းတည်ဆောက်ခြင်း (Design Installation of yangon Comprehensive Traffic Control System ) အတွက် တင်ဒါခေါ်ယူမှုနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



ရှေးဦးစွာ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့် က "ရန်ကုန်မြို့တွင်း ခေတ်မီမီးပွိုင့်နှင့် ဗဟိုထိန်းချုပ်စခန်းတည်ဆောက်ခြင်း၊ တစ်နည်းအားဖြင့် ဗဟိုထိန်းချုပ်စနစ်တည်ဆောက်ခြင်း၊ တင်ဒါနှင့်ပတ်သက်ပြီး ၂၀၁၅ ခုနှစ် ဇွန် ၄ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ၁၇ ဦးကိုဖွဲ့စည်းပေးခဲ့ပါကြောင်း၊ တင်ဒါရွေးချယ်စိစစ်ရေးကော်မတီက အစည်းအဝေးပေါင်း ၅၄ ကြိမ်ပြုလုပ်ပြီး စနစ်တကျ အဆင့်ဆင့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ Expression Interest စိတ်ဝင်စားသူများ တင်သွင်းနိုင်ကြောင်း ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ကြေညာခဲ့ကြောင်း။ Expression Interest တင်သွင်းသော ကုမ္ပဏီအရေအတွက် ၅၄ ခု ရှိသော်လည်း စည်းကမ်းနှင့်ကိုက်ညီသည့် ကုမ္ပဏီ ၅၀ သာ ကျန်ရှိကြောင်း၊ အဆိုပါ ၅၀ မှ တကယ်တင်ဒါလျှောက်လွှာပုံစံကြီးကို ဝယ်ယူသည့် ကုမ္ပဏီ ၃၂ ခု ကျန်ရှိပြီး နောက်ဆုံးတင်ဒါပိတ်ရက် နိုဝင်ဘာ ၁၆ ရက်တွင် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ ၂၂ ခု ကျန်ရှိပါကြောင်း၊ ၎င်းမှ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသည့် ကုမ္ပဏီ ၁၉ ခု ကျန်ပါကြောင်း။ နိုဝင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကုမ္ပဏီ ၁၉ ခု၏ Presentation ကို ပြုလုပ်ခိုင်းခဲ့ပြီး ဒီဇင်ဘာ ၁ ရက်တွင် ငွေကြေးနှင့်ပတ်သက်သည့် စာအိတ်ကို ဖွင့်ဖောက်ခဲ့ကြောင်း။ ဒီဇင်ဘာ ၇ ရက်တွင် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့က ကုမ္ပဏီ၏တင်ပြချက်များကို အသေးစိတ် စိစစ်ကာ ကုမ္ပဏီ ခြောက်ခုကို ဆန်ခါတင်ရွေးချယ်နိုင်ခဲ့ကြောင်း။ ကုမ္ပဏီ ခြောက်ခုကို ဒီဇင်ဘာ ၁၁ ရက်ကနေ ၁၇ ရက်အထိ မေးခွန်းများထပ်ပြီး မေးခဲ့ကြောင်း၊ လိုအပ်ချက်နှင့် ကိုက်ညီမှုနည်းပါးသည့် ကုမ္ပဏီ နှစ်ခုကို ပယ်လိုက်၍ ကုမ္ပဏီ လေးခုသာ ကျန်တော့ကြောင်း။

ကုမ္ပဏီ နှစ်ခု ပယ်လိုက်ရသည့် အကြောင်းမှာ သူတို့တင်ပြချက်၏ အားနည်းချက်၊ နောက်ပြီး နှစ်စဉ်ကြေးပေးရမည်ဆိုသည့် အချက်အလက်များကြောင့် ပယ်လိုက်ခြင်းဖြစ်ကြောင်း၊ Game King ကုမ္ပဏီ၊ Myanmar Might Industrial ကုမ္ပဏီ၊ Vanguard ကုမ္ပဏီ၊ Myanmar Shwe Ying ကုမ္ပဏီ လေးခုကျန်ရှိပါကြောင်း။ အဆိုပါ လေးခုကို တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တစ်ဖွဲ့လုံးနှင့် နိုင်ငံခြားပညာရှင်များ ပါခေါ်၍ Presentation ပြန်တင်ခိုင်းခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်အားလုံးနှင့် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် များကို အဆိုပါ ကုမ္ပဏီ လေးခုမှ နိုင်ငံခြားသားများလာ၍ Presentation လုပ်ပါကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် စီမံကိန်းလိုအပ်ချက်နှင့် အများဆုံးကိုက်ညီသည့် ကုမ္ပဏီ လေးခုကို ခေါင်းစဉ် အချက်အလက်များ ယှဉ်တွဲပြီး အစိုးရအဖွဲ့ထံ အဆုံးအဖြတ် တင်ခဲ့ပါကြောင်း၊ ဒီဇင်ဘာ ၂၉ ရက်တွင် ကုမ္ပဏီ လေးခုကို စစ်ဆေး၍ Myanmar Shwe Ying ကုမ္ပဏီကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရွေးချယ်ခဲ့ပါကြောင်း၊ ရွေးချယ်သည့် အဆင့်မှ လက်ခံသည့်အဆင့်သာ ရှိသေးပြီး အပြီးရွေးချယ်ခြင်း မဟုတ်ကြောင်း၊ ကုမ္ပဏီ၏ အားသာချက် အချက်အလက်ပေါ် မူတည်ပြီး ရွေးချယ်ခြင်းဖြစ်ပါကြောင်း၊ အားသာချက်မှာ အာမခံ အခမဲ့ပြင်ဆင်ကာ ပျက်သမျှအားလုံးကို အခမဲ့ပြင်ပေးရမည့် သဘောပင်ဖြစ်ကြောင်း၊ အများဆုံး သုံးနှစ်ပေးထားပါကြောင်း။

အခမဲ့ဝန်ဆောင်မှုပေးပြီး အများဆုံး ငါးနှစ်ပေးပါကြောင်း၊ လမ်းဆုံလမ်းခွတွင် မီးပွိုင့်များ အလိုအလျောက် ၁၅၄ ခု ပေးသည့်အပြင် Mobile Installation Traffic light အရေးပေါ်ဆောင်ရွက်ပေးနိုင်သည့် မီးပွိုင့်များကို လိုရင်လိုသလို သုံးနိုင်ရန် အစုံ ၂၀ ပေးထားပြီး စုစုပေါင်း ၁၇၄ စုံ ပေးပါကြောင်း၊ UPS လျှပ်စစ်ဓာတ်အား ၁၂၀ KVA ပေးထားကြောင်း၊ ပျက်လျှင် ပြင်၍ရအောင် ရွှေ့လျားနိုင်သည့် ပြင်ဆင်ရေးယာဉ်နှစ်စီး ပေးထားပါကြောင်း၊ လမ်းကူးသူများအတွက်လည်း အချက်ပြမီး ၃၂၀၊ အဆင့်မြင့်ကင်မရာ ၃၀ ပေးထားပါကြောင်း၊ ပညာရှင်ပံ့ပိုးမှုကိုလည်း ငါးနှစ်တောက်လျှောက် ပေးပါကြောင်း၊ စည်းကမ်းဖောက်သည့် ယာဉ်များကို ထိန်းသိမ်းသည့် မှတ်တမ်း သုံးနှစ်ပေးထားပါကြောင်း၊ LED မီးလုံးကြီးများဖြင့် နာရီပေါင်း ငါးသောင်း၊ ခုနစ်နှစ်အထိ ခံသည့်မီးလုံးပေးထားပါကြောင်း၊ ထို့ကြောင့်ရွေးချယ်ခြင်းဖြစ်ပါကြောင်း၊ ပထမအဆင့် ရွေးချယ်ခြင်းဖြစ်ပြီး သူတို့ပညာရှင်များ ဘယ်လိုလုပ်ငန်းလုပ်မလဲ၊ အကောင်အထည်ဖော်မလဲဆိုသည်ကို မြန်မာပညာရှင်များနှင့် စိစစ်ရမည်ဖြစ်ကြောင်း ကနဦးရှင်းလင်းပြောကြားသည်။

ထို့နောက် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဒုတိယဌာနမှူး ဦးလင်းခိုင်က "တင်ဒါစိစစ်ရေးအဖွဲ့က တင်ဒါခေါ်ကတည်းက အချက် ခုနစ်ချက်နဲ့ အကောင်းဆုံးရွေးချယ်နိုင်ဖို့အတွက် ခေါ်ခဲ့တာပါ။ ခေါ်ကတည်းက ဒီဇိုင်းလုပ်ပေးပါ။ ယာဉ်ကြောကျပ်တည်းမှုကိုဖြေလျှော့ဖို့အတွက် Control Centre နဲ့ ထိန်းပြီး တည်ဆောက်မယ်ဆိုပြီး တင်ဒါခေါ်ယူခဲ့ပါတယ်။ အဓိကက နည်းပညာနဲ့ ပတ်သက်တဲ့အတွက် အလွန်အရေးကြီးပါတယ်။ မရှင်းတာတွေကို မေးခွန်းမေးတာရှိပါတယ်။ အီးမေးလ်လိပ်စာပေးပြီး မေးခိုင်းပါတယ်။ အဲဒီလိုမေးတဲ့အခါ တူတာတွေစုလိုက်ပါတယ်။ ပြီးတော့ အီးမေးလ်ကတစ်ဆင့် ကုမ္ပဏီအားလုံးကို ပြန်ပါတယ်။ ဒါပွင့်လင်းမြင်သာမှုပါ။ ယာဉ်ကြော ကျပ်တည်းမှုကိုဖြေရှင်းဖို့အတွက် နိုင်ငံတော်က ချပေးထားတဲ့ ဘီလီယံ ၂၀ နဲ့လုပ်ပါမယ်။ ဒါကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ပေးနိုင်မလဲ၊ ကုမ္ပဏီ နည်းပညာနဲ့ဘယ်လိုဖြေရှင်းမလဲဆိုတာ ပါပါတယ်။ ကွန်ပျူတာပညာရှင်တွေ၊ အီလက်ထရွန်နစ် ပညာရှင်တွေ၊ ဆက်သွယ်ရေး ပညာရှင်တွေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ဆရာတွေကိုခေါ်ပြီး ကုမ္ပဏီ လေးခုကို အီးမေးလ်နဲ့အမေးအဖြေ တောက်လျှောက်လုပ်ခဲ့ပါတယ်။ အထောက်အထားတွေ အားလုံးလည်း အဲဒီကုမ္ပဏီတွေမှာ ရှိပါတယ်။ နောက်ဆုံး ကျွန်တော်တို့နဲ့ အကိုက်ညီဆုံး၊ အကောင်းဆုံးဖြစ်မယ့် ကုမ္ပဏီကို ရွေးခဲ့တာပါ"ဟု ပြောသည်။

ဆက်လက်၍ "တင်ဒါစည်းကမ်းမှာလည်းပါ ပါတယ်။ ဒီကုမ္ပဏီကို ရွေးလိုက်တယ် ဆိုတာကလည်း သူတို့နဲ့ ဆွေးနွေးရမယ့်အပိုင်းတွေရှိတယ်။ ငွေကြေး၊ နည်းပညာပိုင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးရမယ်။ ယာဉ်ကြော ကျပ်တည်းမှုနဲ့ပတ်သက်တဲ့ ဒီဇိုင်းတွေကို အသေးစိတ်ဆွေးနွေးရပါတယ်။ အခုက ပြည်တွင်းကုမ္ပဏီနဲ့ နိုင်ငံခြားကုမ္ပဏီ နှစ်ခုပေါင်းထားတာပါ။ Control Centre ဆိုတာ မြန်မာနိုင်ငံမှာ ပထမဆုံး ဆောက်မှာပါ။ ပြည်တွင်းကုမ္ပဏီတစ်ခုတည်းနဲ့ မဖြစ်နိုင်တဲ့အတွက် အတွေ့အကြုံရှိတဲ့ နိုင်ငံခြားကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်တာပါ။ ဒါကလည်း သူတို့ဆီက နည်းပညာလိုချင်လို့ပါ။ ကန်ထရိုက်စနစ်နဲ့လုပ်တာပါ။ ပြီးလို့ပြန်သွားရင် ပြည်တွင်းကုမ္ပဏီ ကျန်ခဲ့မယ်။ နည်းပညာပိုင်းတွေ ဆက်လုပ်သွားမယ်။ ဒီဇရိယာလေးနဲ့ပြီးမသွားပါဘူး။ အခုလုပ်တာ ၁၅၄ ပွိုင့်ပဲ ရှိပါသေးတယ်။ ရန်ကုန်တစ်မြို့လုံးကို ထပ်တိုးချဲ့ရမယ့်အပိုင်းရှိပါသေးတယ်။

ဆက်လက် ဆောင်ရွက်ဖို့အတွက် ပြည်တွင်းကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်တာပါ။ ပြည်တွင်းကုမ္ပဏီနဲ့ နိုင်ငံခြားကုမ္ပဏီပူးပေါင်းလုပ်တယ်ဆိုပေမယ့် အချိန်မရွေး စာချုပ်ပျက်ပြယ်သွားနိုင်တယ်။ အဲဒီအခါ ကျန်တဲ့ကုမ္ပဏီတွေထဲက ထပ်ရွေးရပါမယ်။ ဒါကြောင့် တရားဝင် မကြေညာတာပါ။ တင်ဒါစည်းကမ်းမှာ တစ်ခါတည်းထည့်ထားပြီးသားပါ။ စာချုပ်ချုပ်ပြီးသွားတဲ့အတွက် တရားဝင်ကြေညာတာပါ။ အဲဒီအတွက် ပညာရှင်တွေလိုပါတယ်။ M.E ဘွဲ့ရတွေ ခန့်ထားပါတယ်။ ဆက်ခန့်သွားဖို့လည်းရှိပါတယ်။ ကွန်ပျူတာပိုင်း၊ အီလက်ထရွန်နစ်ပိုင်း၊ ဆက်သွယ်ရေးပိုင်းတွေမှာ ကျွမ်းကျင်တဲ့သူတွေကို ခန့်သွားပါမယ်။ လမ်း/ တံတားဌာနမှာ ယာဉ်ထိန်းဌာနခွဲ ဆိုတာရှိပါတယ်။ အဲဒီကပဲ Control Centre ကြီးကို YCDC ကပဲ ထိန်းချုပ်ဖို့ လုပ်သွားမှာပါ။ "ဟု ၎င်းကပြောသည်။

ယင်းနောက် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ရန်ကုန်ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးမင်းဦးက " သက်ဆိုင်ရာမှာ ဥပဒေတွေကရှိပြီးသားပါ။ စာချုပ်တွေမှာလည်း သူဘာသာသူ ထည့်သွင်းချုပ်ဆိုပြီးသား။ အစိုးရမှာ လျှို့ဝှက်ဥပဒေတွေရှိတယ်။ ဥပဒေချိုးဖောက်ခဲ့ရင် သူ့ဥပဒေအတိုင်း ဆက်လက်အရေးယူသွားမှာပါ။ နည်းပညာက နေရာတကာမှာရှိတယ်။ နည်းပညာတိုင်းမှာ စိုးရိမ်ဖွယ်နေရာတိုင်းမှာ ရှိပါတယ်။ စိုးရိမ်တယ် ဆိုရင် တစ်ဖက်ကအစိုးရရဲ့ သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းနည်းပညာကို ဥပဒေဘောင်ထဲကနေပြီး ဆောင်ရွက်ဖို့ လိုမယ်လို့ ပြောချင်ပါတယ်။ တည်ဆဲဥပဒေတွေ အများကြီးရှိပါတယ်။ ICT Law တွေကို တစ်ခုခု ချိုးဖောက်တယ်ဆိုရင် တည်ဆဲဥပဒေအရ အရေးယူခံရမှာဖြစ်ပါတယ်"ဟု ဆိုသည်။

ထို့အတူ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် Eager Communication Group Co., Ltd. ဒါရိုက်တာ ဦးဌေးဝင်းက "ဒီ Presentation ကို တစ်ရက်တည်းမှာပဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမမှာ ကုမ္ပဏီတစ်ခုပြီးတစ်ခု လုပ်ပါတယ်။ နည်းပညာပိုင်းပညာရှင်အဖွဲ့တွေ၊ အင်ဂျင်နီယာတွေ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဝန်ကြီးတွေလည်းပါပါတယ်။ ဝိုင်းပြီး နားထောင်ကြပါတယ်။ နည်းပညာပိုင်းဆိုင်ရာအတွေ့အကြုံတွေနဲ့ရှင်းလင်းပြီးမှ ဘယ်ကုမ္ပဏီက အားသာတယ်၊ အားနည်းတယ်ဆိုတာ သိသာထင်ရှားစွာသိရပါတယ်"ဟု ပြောသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည် ရှင်းလင်းပြောကြားပြီး စာနယ်ဇင်းရှင်းလင်းပွဲကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်သည်။

# ငါ့သရောက်မြို့နယ်တွင် အချိန်ကုန်၊ လူပင်ပန်းသက်သာပြီး လုပ်ငန်းတွင်ကျယ်သည့် စက်မှုလယ်ယာသုံး လယ်ထွန်စက်များကို တောင်သူများ ဝယ်ယူအသုံးပြုမှုများလာ

**ငါ့သရောက် မတ် ၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် အညာကျေးလက်ဒေသများမှ ဒေသခံပြည်သူများသည် မြေယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေးကို အဓိက လုပ်ကိုင်ကြပြီး ထိုသို့ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ တောင်သူများသည် ယခင်က မိမိတို့ မွေးမြူထားရှိသည့် ကျွဲ၊ နွားတိရစ္ဆာန်များကိုအသုံးပြု၍ ထွန်ယက်စိုက်ပျိုးခဲ့ကြရာမှ ယခုအခါ အချိန်ကုန်၊ လူပင်ပန်းသက်သာပြီး လုပ်ငန်းတွင်ကျယ်စွာလုပ်ကိုင်နိုင်သည့် စက်မှုလယ်ယာသုံး လယ်ထွန်စက်များကို ဝယ်ယူအသုံးပြုမှုများလာကြောင်း ငါ့သရောက်မြို့နယ်အတွင်းရှိ မြေယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည့်တောင်သူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ်တွင် အချိန်ကုန်၊ လူပင်ပန်းသက်သာသည့် စက်မှုလယ်ယာသုံးလယ်ထွန်စက်များကို တောင်သူများ စိတ်ဝင်စားမှုများလာခြင်းမှာ အဆိုပါ လယ်ထွန်စက်များသည် ယခုလို နွေရာသီအချိန်များ၌ တောင်သူများအတွက် ထယ်ရေးညက်အောင် ထွန်ယက်လုပ်ကိုင်နိုင်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း နွေရာသီအချိန်တွင် နွားရှဉ်းဖြင့် ထွန်ယက်ပါက လူပင်ပန်းသည့်အပြင် မတွင်ကျယ်ကြောင်းနှင့် လယ်ထွန်စက်ကို အသုံးပြု၍ ထွန်ယက်ပါက အချိန်ကုန်လူပင်ပန်းသက်သာသည့်အပြင် တွင်ကျယ်စွာဆောင်ရွက်လုပ်ကိုင်နိုင်သည့်အတွက်ကြောင့် လယ်ထွန်စက်ကို တောင်သူများ ဝယ်ယူအသုံးပြုမှုများနေခြင်းဖြစ်ကြောင်း သိရသည်။

"အရင်က အညာကျေးလက်ဒေသတွေမှာ လယ်ထွန်စက်တွေ အသုံးပြုတဲ့သူမရှိခဲ့ပါဘူး။ အခုမှ နည်းပညာတွေ တိုးတက်ပြောင်းလဲလာတဲ့ခေတ်ဖြစ်လာတော့ ကျေးလက်ဒေသတွေက တောင်သူတွေဟာ လယ်ထွန်စက်တွေဝယ်ယူပြီး စိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာခဲ့ကြတာပါ။ အခုဆိုရင် စက်မှုလယ်ယာသုံးလယ်ထွန်စက်တွေ ကျွန်တော်တို့မြို့နယ်မှာ တစ်ရွာကို နှစ်စီး၊ သုံးစီးရှိနေပါပြီ။ ဒါကြောင့် လယ်ထွန်စက်မရှိတဲ့ ရွာတောင်ရှိမယ်မထင်တော့ပါဘူး။ နောက်ပြီး လယ်ထွန်စက်က ကျွန်တော်တို့လို တောင်သူတွေအတွက် တကယ်လည်း အကျိုးရှိတာပါ။

"ဘာကြောင့်လဲဆိုတော့ အခုလိုနွေရာသီအချိန်မှာ မြေယာတွေကို ထယ်ရေးညက်အောင် ထွန်ယက်ဖို့ဆိုတာ မြေက ခြောက်သွေ့နေတော့ ကျွဲ၊ နွားနဲ့လုပ်ကိုင်ဖို့ မလွယ်ဘူး။ အခုလို လယ်ထွန်စက်ကို အသုံးပြုပြီး ထွန်ယက်လို့ရတော့ သီးနှံစိုက်ပျိုးတဲ့အခါမှာလည်း တောင်သူတွေအတွက် စိုက်ရပျိုးရတာ အဆင်ပြေပါတယ်။ နောက်ပြီး စိုက်ပျိုးတဲ့သီးနှံတွေလည်းအောင်မြင်ဖြစ်ထွန်းလို့ တောင်သူတွေအတွက် အကျိုးရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာရှိတဲ့ အညာကျေးလက်ဒေသတွေမှာ စက်မှုလယ်ယာသုံး လယ်ထွန်စက်တွေ ဝယ်ယူအသုံးပြုမှု များလာတာဖြစ်ပါတယ်"ဟု ငါ့သရောက်မြို့နယ် မြေနဲကြီးကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ဖေဖော်ဝါရီ ၂၉ မှ မတ် ၁ ရက်အထိ ဂုတ်တွင်းကားလမ်းပိတ်ဆို့မှုဖြစ်

**နောင်ချို မတ် ၁**

ပြည်ထောင်စု လမ်းမကြီး၏ မန္တလေး-လားရှိုး- မူဆယ်ကားလမ်းပေါ်ရှိ ကျောက်မဲမြို့နှင့် နောင်ချိုမြို့ကြားမှ အဓိကဂုတ်တွင်းကားလမ်းသည် ဖေဖော်ဝါရီ ၂၉ ရက် ည ၁၀ နာရီကျော်ခန့်မှစ၍ တွဲကားကြီးတစ်စီး ကန့်လန့်ခံ ပိတ်ဆို့သွားခဲ့မှုကြောင့် နှစ်ဖက်အစုန်၊ အဆန် မော်တော်ယာဉ်များ အသွားအလာရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

အဆိုပါ ဂုတ်တွင်းကားလမ်းပိတ်ဆို့သွားမှုကြောင့် မူဆယ်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲတို့မှ အဆင်းကားများသည် ဂုတ်တွင်းမရောက်မီ ဇီးပင်ကြီးစခန်းအနီးအထိ လည်းကောင်း၊ မန္တလေးဘက်မှ အတက်ကားများသည် နောင်ချိုမြို့အထိ လည်းကောင်း ရပ်တန့်စောင့်ဆိုင်းနေရပြီး မတ် ၁ ရက် နံနက် ၁၁ နာရီကျော်သည်အထိ လမ်းပိတ်ဆို့မှုဖြစ်ပွားနေကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပိတ်ဆို့သည့် ဂုတ်တွင်းကားလမ်း အမြန်ပြန်ပွင့်၍ ကားများသွားလာမှု အဆင်ပြေ ချောမွေ့စေရေးအတွက် တာဝန်ရှိသူများနှင့် ကျောက်မဲ၊ နောင်ချိုယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# မုံရွာမြို့တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုစွမ်းရည်မြှင့်သင်တန်းနှင့် မြန်မာ့လူမှုရေးနှင့် စာပေယဉ်ကျေးမှုစွမ်းရည်မြှင့်သင်တန်းများဆင်း

**မုံရွာ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဇေယျာပဒေသာ ဖောင်ဒေးရှင်းမှ ကြီးမှူးပြီး သုံးလကြာဖွင့်လှစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၅)နှင့် မြန်မာ့လူမှုရေးနှင့်စာပေယဉ်ကျေးမှုစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ရွှေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ထူးချွန်ဆုများကို လည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက သင်တန်းနည်းပြ ဆရာဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ တာဝန်ရှိသူများက သင်တန်းများတွင်စာပေထူးချွန်ဆု၊ သင်တန်းတက်ရက် အမှန်ကန်ဆုံးဆု၊ အတက်ကြွဆုံးဆု၊ ဇွဲဆုများကို လည်းကောင်း အသီးသီးပေးအပ်ကြသည်။

အဆိုပါ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုစွမ်းရည်မြှင့် သင်တန်းတွင် ကွန်ပျူတာဘာသာရပ်၊ နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေးဘာသာရပ်၊ အင်္ဂလိပ်စကားပြော၊ ဥပဒေဘာသာရပ် စသည့်ဘာသာရပ် ငါးခုကို လည်းကောင်း၊ မြန်မာ့လူမှုရေးနှင့် စာပေယဉ်ကျေးမှုစွမ်းရည်မြှင့်သင်တန်းတွင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေ၊ သတင်းစာဖတ်နည်း၊ အဘိဓာန် အသုံးပြုနည်း၊ စာစီစာကုံးရေးနည်း၊ မြန်မာစာပေသမိုင်းနှင့် အသုံးချမြန်မာစာ၊ ရှေးဟောင်းမြန်မာစာပေများကို ချဉ်းကပ်လေ့လာနည်း၊ ကဗျာဖွဲ့နည်း၊ ဝတ္ထုတိုရေးနည်း၊ ကျောက်စာဖတ်နည်း၊ မိုဘိုင်းဖုန်းအက်ပလီကေးရှင်း ပြဿနာများကို ထိရောက်စွာဖြေရှင်းနည်း၊ အင်တာနက်၊ အီးမေးလ်အသုံးပြုနည်း စသည့် ဘာသာရပ် ၁၀ မျိုးတို့အား မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် (မုံရွာ)နှင့် ပြင်ပကွန်ပျူတာပညာရှင်များမှ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# သောက်သုံးရေအတွက် ခြေနင်းတုံကင်ကို အားထားနေရပြီး ယခုနှစ်နွေရာသီတွင် ရေအခက်အခဲဖြစ်မည်ကို ဒေသခံများစိုးရိမ်

**သာစည် မတ် ၁**

သာစည်မြို့နယ်တွင် နေ့အပူချိန်များ တစ်နေ့ထက်တစ်နေ့ မြင့်တက်လာနေမှုကြောင့် ပူပြင်းခြောက်သွေ့မှုများ ဖြစ်ပေါ်လာကာ မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ရေတွင်းရေကန်များ ခန်းခြောက်ခြင်းတို့ကြောင့် ရေရှားပါးမှုနှင့် ကြုံတွေ့နေကြရကြောင်း သိရသည်။

"ကျွန်တော်တို့တစ်ရွာလုံး ဒီခြေနင်းတုံကင်တွင်းလေးကိုပဲ သောက်သုံးရေအဖြစ် အားကိုးနေရတာပါ။ ဒီရေတွင်းလေးက သာစည်မြို့နယ် အုပ်ချုပ်ရေးမှူး မိသားစု လှူဒါန်းထားတဲ့ ခြေနင်းတုံကင်တွင်းလေးဖြစ်ပါတယ်။ ရေထွက်အားလည်း ကောင်းတယ်။ ဒီရေတွင်းလေးသာမရှိရင် ကျွန်တော်တို့တစ်ရွာလုံး သောက်သုံးရေ အခက်အခဲဖြစ်နိုင်ပါတယ်။ ရေကလည်းရေချိုပါ။ ရွာထဲကရှိတဲ့စက်ရေတွင်းတွေကလည်း နေ့အပူချိန်ကြောင့် ရေထွက်အား သိပ်မရှိတော့ဘူး။ ဒီလိုသာ ဆက်လက်ပူပြင်းနေမယ်ဆိုရင် ကျွန်တော်တို့ရွာမှာ သောက်သုံးရေ အခက်အခဲဖြစ်နိုင်ပါတယ်"ဟု ဒေသခံ ဦးဖိုးလုံးက ပြောသည်။

ရေရှားပါးမှုကြုံနေရသော ကျေးရွာများတွင် သဲပုတ်ကုန်းကျေးရွာလည်း ပါရှိကြောင်းသိရပြီး ကျေးရွာအတွင်းရှိ မြေအောက်စက်ရေတွင်းများမှ ရေများမှာ ရေထွက်အား ကျဆင်းနေမှုကြောင့် အိမ်ထောင်စုတစ်စုအတွက်ပင် ခက်ခဲစွာရယူနေကြရသည်။ သဲပုတ်ကုန်းကျေးရွာသည် အိမ်ထောင်စု ၁၄၀၊ လူဦးရေ ၃၀၀၀ ခန့်ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ပြီး သာစည်မြို့နှင့် အရှေ့မြောက်ဘက် ခုနစ်မိုင်အကွာတွင် တည်ရှိ၍ ကျေးရွာပြည်သူအများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများဖြစ်သည်။

ယခုအခါ သဲပုတ်ကုန်းကျေးရွာမှ အိမ်ထောင်စုအများစုမှာ ရွာ၏ အနောက်ဘက် ကိုက် ၃၀၀ ခန့်အကွာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေနှင့်ဇနီးတို့ တူးဖော်လှူဒါန်းထားသည့် မြေအောက်ခြေနင်းတုံကင်တွင်းမှ ရေကိုရရှိနေကြသဖြင့် ယခုလောလောဆယ်တွင် သောက်သုံးရေအတွက် အဆင်ပြေနေကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်ကို (သာစည်)**



# အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် တာလပတ်မိုးကာများ ရောင်းအားကောင်းနေ

**နတ်တလင်း မတ် ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အနောက်ခြမ်းရှိ ကုန်းသာအုပ်စု၊ ဖလံကုန်းအုပ်စု၊ ရေကြည်အုပ်စု၊ ကျန်တောအုပ်စု စသည့်ကျေးရွာများတွင် ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းက မိုးရွာသွန်းမှုကြောင့် မတ်ပဲစိုက်တောင်သူများ ပဲပုံများမိုးရေစို၍ တာပွန်မြို့ရှိ တာလပတ်ခေါ် မိုးကာဖျင်များ အရောင်းသွက်နေကြောင်း သိရသည်။

ကုန်းသာရွာမှ တောင်သူ ဦးအောင်မြိုင်က "အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယခင်နှစ်တွေ ပဲလုပ်ရတာထက်ပိုပြီး ကသီတယ်။ ပင်ပန်းတယ်။ အလေအလွင့်လည်းများတယ်။ တာလပတ်ဈေးကတော့ အထူတစ်ကိုက်ကို ငွေကျပ် ၉၀၀ နဲ့ အပါးက ငွေကျပ် ၈၀၀ ဝယ်ရတယ်။ ဒါတောင်လိုချင်သလောက်မရဘူး"ဟု ပြောသည်။

တာလပတ်ရောင်းသော တာပွန်အလယ်ပိုင်းဈေးမှ ဦးဟန်ဝင်းအောင်ကလည်း "အခုတလော ရာသီဥတုမမှန်တော့ တာလပတ်ကဆိုင်ရောက်တာနဲ့ ဝယ်တဲ့သူတွေများတော့ ခဏနဲ့တင်ကုန်တယ်။ အခုလည်း ပစ္စည်းပြတ်သွားလို့ မှာထားရတယ်။ မိုးကလည်း ဒီနေ့အထိ စိတ်မချရသေးဘူး။ လာဝယ်တဲ့သူတွေကို ညနေချိန်းထားရတယ်။ စက်ချုပ်တဲ့သူတွေလည်း မအားရဘူး။ ချုပ်ခက တစ်တောင်ကို ကျပ် ၅၀ နှုန်းယူတယ်။ အချိန်အခါမဟုတ် မိုးကြောင့် ပဲစိုက်တောင်သူတွေအနေနဲ့ ဈေးကောင်းရသလို ဈေးဆိုင်တွေကလည်း ရောင်းရတယ်။ အပ်ချုပ်စက်ချုပ်တဲ့သူတွေလည်း ဝင်ငွေရတယ်"ဟု ပြောသည်။

**(ဝ၇၁)**

# တိုင်းရင်းဆေးကုဌာနမှ အခမဲ့ကွင်းဆင်းကုသ

**မိုးကောင်း မတ် ၁**

ကချင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဦးဆောင်၍ မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်နှင့် မိုးကောင်းမြို့တို့မှ တိုင်းရင်းဆေးကုဌာနများ ပူးပေါင်း၍ မကြာမီဖွင့်လှစ်တော့မည့် မိုးကောင်းမြို့နယ်(၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံအား ပြည်သူများသိရှိစေရန်နှင့် ပြည်သူတို့၏ကျန်းမာရေးအတွက် ကုသပေးရန် အခမဲ့ကွင်းဆင်းကုသခြင်း၊ ပညာပေးဟောပြောခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၌ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာ ဟောပြောပွဲကို နံနက် ၁၁ နာရီတွင် ကျင်းပရာ ကချင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ကြည်ဌေးက အမှာစကားပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ် တိုင်းရင်းဆေးရုံ ခုတင်(၅၀)ဆေးရုံအုပ် ဒေါ်မီမီအောင်က မီးဖိုချောင်သုံး ဆေးဖက်ဝင်ပစ္စည်းများအကြောင်းကို လည်းကောင်း၊ မြစ်ကြီးနားခရိုင် တိုင်းရင်းဆေးမှူး ဦးနေအောင်က မိမိပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များအသုံးဝင်ပုံအကြောင်းကို လည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြသည်။ **သန်းလွင်ဦး(ပြန်/ဆက်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂ - ၃ - ၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်

၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(ဆက်သွယ်ရေးကဏ္ဍ အပြောင်းအလဲနှင့်တိုးတက်လာမည့်စီးပွားရေးလုပ်ငန်းများ (အပိုင်း-၂)

၈း၃၅ ပြည်သူတို့ရဲ့စကားသံများ

၉း၃၅ ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ဇီဝဗေဒဘာသာရပ်)

၁၀း၃၅ အောင်မြင်သူနှင့်အတူ

၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ်

၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ"(အပိုင်း-၂)

၁း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၁၃)

၁း၅၀ ပီသကြည်မြ မဟာဂီတ (အပိုင်း-၂)

၂း၀၅ "မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(ဆက်သွယ်ရေးကဏ္ဍ အပြောင်းအလဲနှင့် တိုးတက်လာမည့် စီးပွားရေးလုပ်ငန်းများ (အပိုင်း-၂)

၂း၃၅ မြန်မာ့ရိုးရာလက်ဝှေ့ (ကျားပေါက်နှင့် ထက်အောင်ဦး)

၃း၃၀ ၂၀၁၆ ခုနှစ်၊တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (သမိုင်းဘာသာရပ်)

၄း၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်)

၅း၅၀ "ဧရာဝတီလင်းပိုင်မျိုးသုဉ်းမည့် အန္တရာယ်ပြည်သူများဝိုင်းဝန်းကာကွယ်"

၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ

၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၁၄)

၉း၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ"(အပိုင်း-၂)
-မှတ်သားသားပုံပြင်များ "ကောက်ပင်ရိတ်လှီး" (ဖူးပြည့်စည်သူ၊အောင်မင်းဆွေ) (ဒါရိုက်တာ-သီတာလင်း)
-ဂီတသများ၊ ဂီတစကား "အလင်္ကာ ကျော်စွာမြို့မငြိမ်း၏ 'ကသစ်ပန်း' " (ဂီတစာဆိုမောင်မောင်လတ်၊ ဦးဝင့်အောင်)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-တေးဂီတအစီအစဉ်

၆း၃၀ ပြည်သူ့နီတိ "ဒူလာချစ်ဖေ"

၆း၄၅ တေးဂီတအစီအစဉ်

၇း၀၀ နိုင်ငံခြားဇတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၇၄)

၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၂၀)

၈း၃၅ ကာတွန်းအစီအစဉ်
"BEN 10 ALIEN FORCE (Part-II)"

၉း၀၀ တေးဂီတအစီအစဉ်

၉း၃၅ မြန်မာ့ရိုးရာတူရိယာအစီအစဉ် "ဗုံ"

၉း၅၅ ရာမယဏဇာတ်တော် (လေးတော်တင်ခန်း)

၁၀း၂၀ မြန်မာဗွီဒီယိုဇာတ်လမ်း "မဝေးတော့ဘူး" (နေတိုး၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မိုးအောင်)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်

၅း၄၀ "ကရင်ပြည်နယ်မှ ငြိမ်းချမ်းရေး" တရားတော် (အပိုင်း-၁)(ခ)[ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)]

၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၁၉)

၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် မိတ်ဆုံစားပွဲ)

၈း၀၀ "မင်္ဂလာပါ" The Morning Show

၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၃၈)

၁၀း၀၅ ခေတ်သစ်ပျိုမေ

၁၀း၅၀ အနုပညာမိုးကောင်းကင်

၁၁း၁၅ ဟင်းချက်ရအောင်

၁၁း၃၅ MRTV-4 Stage

၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၂၄)

၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၃၁)

၃း၅၅ Cartoon Series (Welcome To Sky Ville)

၆း၁၀ Health Fix

၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၁၂၀)

၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၃၂)

၈း၁၅ ရသစုံညွှန်းတမ်းများ

၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၃၉)

၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၂၅)

၉း၅၀ "ရောင်နီဦး၏ အလင်းရောင်နှင့် အတူ" ရုပ်ရှင်ဇာတ်ကားကြီး အကြိုစကားဝိုင်း

၁၀း၂၀ Let's Talk

၁၀း၅၅ MRTV-4 Stage

၁၁း၂၀ World Of Knowledge (Locked Up Abroad : Busted And Pregnant)

# အော်စကာအတွေ့အကြုံကို ဖွင့်ဟလာတဲ့ လီဗြောင်ဟွန်း



ယခုနှစ်ရဲ့ (၈၈)ကြိမ်မြောက် အော်စကာဆုပေးပွဲကြီးမှာ တက်ရောက်ခွင့်ရခဲ့တဲ့ တောင်ကိုရီးယား မင်းသား လီဗြောင်ဟွန်းက သူ့ရဲ့ဟောလိဝုဒ်ရဲ့အကယ်ဒမီပေးပွဲကြီးကို တက်ရောက်ခဲ့စဉ် ရရှိခဲ့တဲ့ အတွေ့အကြုံတွေကို စွန်ပီဒေ့ါကွန်းကနေတစ်ဆင့် ပြန်လည်မျှဝေခဲ့ပါတယ်။ လီဗြောင်ဟွန်းဟာ အော်စကာဆုပေးပွဲကြီးကို တက်ရောက်ခွင့်ရခဲ့တဲ့ ပထမဦးဆုံးသော တောင်ကိုရီးယားသရုပ်ဆောင် တစ်ဦးလည်း ဖြစ်ပါတယ်။

သူ့ရဲ့အော်စကာအတွေ့အကြုံနဲ့ပတ်သက်ပြီး သူ့အတွက် အနုပညာနဲ့ပတ်သက်တဲ့ လေ့လာမှုများစွာ လိုအပ်နေသေးကြောင်းကို နားလည်လာခဲ့ရပြီး အချိန်ကာလကြာရှည်စွာ အနုပညာကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့တဲ့ ဟောလိဝုဒ်နာမည်ကျော်တွေကို တွေ့ဆုံခဲ့ပြီးနောက် ရှေ့ဆက်ရမယ့်အနုပညာလမ်းကြောင်းမှာ ဒီထက်ပိုကောင်းအောင် လုပ်ဆောင်ဖို့လိုအပ်ကြောင်းကို သိရှိခဲ့ရကြောင်း ဖေဖော်ဝါရီ ၂၉ ရက်က သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘီအိတ်ရှ်အန်တာတိန်းမန့်ကနေ တစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

လီဗြောင်ဟွန်းဟာ ဖေဖော်ဝါရီ ၂၈ ရက်က ညပိုင်းက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဟောလိဝုဒ်ရှိ ဒေါ်လ်ဘီသီရေတာမှာ ကျင်းပခဲ့တဲ့ အော်စကာဆုပေးပွဲကြီးကို တက်ရောက်ဖို့ ဖိတ်ကြားခံခဲ့ရပြီး အဆိုပါဆုပေးပွဲမှာ လီက အကောင်းဆုံးနိုင်ငံခြားစကားပြောရုပ်ရှင်ဆုအတွက် အော်စကာဆုရှင်ကို အကယ်ဒမီရုပ်တုပေးအပ်ချီးမြှင့်ခွင့်ပါ ရရှိခဲ့ပါတယ်။ ယင်းဆုပေးပွဲကြီးကို တက်ရောက်နိုင်ရန် လီဗြောင်ဟွန်းဟာ ဂျပန်က သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံဖို့ရာ စီစဉ်ထားခဲ့တာကို ဖျက်ခဲ့ရပြီး မကြာမီမှာပဲ ပရိသတ်တွေကို သွားရောက်တွေ့ဆုံမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## စုံတွဲအဖြစ် ကော်ဇောနီပေါ်မှာ ပထမဦးဆုံးအကြိမ်လျှောက်လှမ်းခဲ့တဲ့

# ဂွမ်စတစ်ဖန်နီနဲ့ ဘလိတ်ခ်ရှယ်လ်တန်



ဟောလိဝုဒ်ရဲ့ နာမည်ကျော်အဆိုတော်တွေဖြစ်ကြတဲ့ ဂွမ်စတစ်ဖန်နီနဲ့ ဘလိတ်ခ်ရှယ်လ်တန်တို့စုံတွဲဟာ ဖေဖော်ဝါရီ ၂၉ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဘရေ့ဗာလီဟေးလ်မှာ ကျင်းပခဲ့တဲ့ ၂၀၁၆ ခုနှစ် အကယ်ဒမီပေးပွဲကြီးရဲ့ ပါတီပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြပြီး ချစ်သူနှစ်ဦးစုံတွဲအဖြစ် ပထမဦးဆုံးအကြိမ် ကော်ဇောနီပေါ်အတူလျှောက်လှမ်းခဲ့ကြကြောင်း အေ့စ်ရှူးဘစ်ဇ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

ယခုလိုကော်ဇောနီပေါ်ကို အတူလျှောက်လှမ်းလာစဉ် စုံတွဲနှစ်ဦးဟာ အပြုံးကိုယ်စီဆင်မြန်းထားပြီး ဘလိတ်ခ်ရှယ်လ်တန်ဟာ ချစ်သူရဲ့လက်ကို မလွှတ်တမ်းဆုပ်ကိုင်ထားခဲ့ကြောင်းလည်း ဟောလိဝုဒ်မီဒီယာတွေက ဖော်ပြခဲ့ပါတယ်။

အဆိုပါပါတီပွဲမှာ စုံတွဲနှစ်ဦး ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေနဲ့ ပေ့ါပ်အဆိုတော် ဒေမီလက်ဗားတိုးနဲ့ သူ့ရဲ့ချစ်သူတို့နဲ့အတူ တွဲဖက်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုလည်း ရှယ်လ်တန်နဲ့ စတစ်ဖန်နီတို့နှစ်ဦးက သူတို့ရဲ့လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

# ကိုရီးယားကြယ်ပွင့်စုံတွဲသစ် နမ်ဂွန်မင်းနဲ့ ဂျင်အားရမ်



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အနုပညာစုံတွဲတွေထဲမှာ နောက်ထပ်ပေါ်ထွက်လာခဲ့တဲ့ ကြယ်ပွင့်စုံတွဲကတော့ မင်းသားနမ်ဂွန်မင်းနဲ့ ထိပ်တန်းမော်ဒယ်တစ်ဦးဖြစ်သူ ဂျင်အားရမ်တို့စုံတွဲပဲ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက်က တရားဝင်ထုတ်ဖော်ပြောကြားသွားခဲ့တာပဲ ဖြစ်ပါတယ်။

နမ်ဂွန်မင်းရဲ့ အေဂျင်စီဖြစ်တဲ့ "935 Entertainment"မှ တာဝန်ရှိသူတစ်ဦးက မင်းသားနဲ့ အားရမ်တို့ဟာ ချစ်သူတွေဖြစ်ကြကြောင်း ဖေဖော်ဝါရီ ၂၅ ရက်က အမ်ဝေ့ဖ်စတားဒေ့ါကွန်းကို ပြောကြားခဲ့တာပဲ ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ "Light My Fire" ရုပ်ရှင်ရိုက်ကူးခဲ့စဉ်က စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ နမ်ဂွန်မင်းက ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးပေးခဲ့ပြီး အားရမ်ကတော့ ယင်းရုပ်ရှင်ရဲ့ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကာ ယင်းရုပ်ရှင်အပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လခန့်က စတင်ကာ ချစ်သူတွေအဖြစ်လက်တွဲခဲ့ကြတာပါ။

သူတို့နှစ်ဦးစလုံးက သူတို့ကြားက ဆက်ဆံရေးကို ဖုံးကွယ်ထားဖို့ရာ မကြိုးစားခဲ့ပေမယ့်လည်း မီဒီယာတွေကို တရားဝင်ထုတ်ဖော်ပြောကြားခြင်းမျိုးမရှိခဲ့ပါဘူး။ ယခုအခါမှသာ မင်းသားရဲ့အေဂျင်စီက အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းမှာ ကျရောက်ခဲ့တဲ့ နမ်ဂွန်မင်းရဲ့မွေးနေ့အတွက် ထူးခြားတဲ့မွေးနေ့ပွဲတစ်ခုကို ကျင်းပပေးဖို့ရာ အားရမ်က စီစဉ်ခဲ့ပါတယ်။ နမ်ဂွန်မင်းဟာ အားရမ်ထက် အသက်အရွယ်အားဖြင့် ၁၁ နှစ်ခန့်ကြီးပါတယ်။

လတ်တလောမှာ နမ်ဂွန်မင်းဟာ သူ့ရဲ့ဒရမ်မာရုပ်ရှင်သစ် "Remember" ကို ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်ကာ နာမည်ကျော်မော်ဒယ်တစ်ဦးဖြစ်တဲ့ အားရမ်ကတော့ မဂ္ဂဇင်းတွေ၊ ဖက်ရှင်ရှိုးပွဲတွေနဲ့ အခြားသော အနုပညာလှုပ်ရှားမှုတွေကို လုပ်ဆောင်ရင်း အလုပ်များနေပါတယ်။

**အားကစား**

# စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် နာပိုလီတိုက်စစ်မှူး ဟီဂူအင်ငြင်းဆို ဥရောပဂိုးသွင်းအများဆုံးဖြစ်လာရန် ဆွာရက်ဇ်နှင့် အပြိုင်ဖြစ်နေ



ဇွေကြယ်

အီတလီစီးရီးအေကလပ် နာပိုလီအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်သည် လက်ရှိကလပ် နာပိုလီအသင်းနှင့် စာချုပ်သက်တမ်းထပ်တိုးချုပ်ဆိုရန် ငြင်းဆိုလိုက်ကြောင်း သတင်းများက ဖော်ပြထားသည်။

တိုက်စစ်မှူး ဟီဂူအင်သည် လက်ရှိတွင် သွင်းဂိုး ၂၅ ဂိုးသွင်းယူထားပြီး အီတလီစီးရီးအေတွင် ဂိုးအများဆုံးသွင်းထားသူအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်သည်။ ထို့ကြောင့် ဂိုးများထပ်မံသွင်းယူနိုင်ရေးအတွက် နာပိုလီအသင်းဥက္ကဋ္ဌဖြစ်သူက တိုက်စစ်မှူး ဟီဂူအင်အား ကိုယ်အလေးချိန် လျှော့ချပေးရန်လည်း တောင်းဆိုထားကြောင်း သိရသည်။

ထို့ပြင် နာပိုလီအသင်းနှင့်အတူ စွမ်းဆောင်ရည်ကောင်းများ ပြသနိုင်ခဲ့သည့် တိုက်စစ်မှူး ဟီဂူအင်အား ပရီမီယာလိဂ် ကလပ်အသင်းများဖြစ်ကြသည့် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့အပါအဝင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟီဂူအင်၏ လက်ရှိနာပိုလီအသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ချယ်လ်ဆီးအသင်းအနေဖြင့် ဟီဂူအင်အား ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးပေါင် ၇၇ သန်းကုန်ကျမည်ဟုလည်း အပြောင်းအရွှေ့ဈေးကွက်များက ဖော်ပြထားသည်။

အာဆင်နယ်အသင်းသည်လည်း လာမည့်အပြောင်းအရွှေ့ဈေးကွက်အတွင်း တိုက်စစ်မှူးဟီဂူအင်ကို ခေါ်ယူရန် မျှော်လင့်ထားပြီး ဟီဂူအင်အား ခေါ်ယူနိုင်ရေးနှင့်ပတ်သက်၍ နာပိုလီအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်ထားခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ ထို့ပြင် ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ ဖြင့် ရရှိပါက တိုက်စစ်မှူး ဟီဂူအင်အား အာဆင်နယ်အသင်းက ခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နာပိုလီအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် တိုက်စစ်မှူး ဟီဂူအင်နှင့် အင်ဆစ်ဂ်နီတို့၏ သွင်းဂိုးများနှင့် အီတလီစီးရီးအေအမှတ်ပေးဇယားတွင် ပွဲစဉ် ၂၇ ပြီးနောက် ရမှတ် ၅၈ မှတ်ဖြင့် အမှတ်ပေးဇယားဦးဆောင်လျက်ရှိသည့် ဂျူဗင်တပ်နှင့် သုံးမှတ်အကွာ အမှတ်ပေးဇယားအဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိသည်။

အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ဟီဂူအင်အားခေါ်ယူရန် စိတ်ဝင်စားနေသကဲ့သို့ ဘိုင်ယန်မြူးနစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။ ဘွန်ဒက်လီဂါ၏ ထိပ်တန်းအဆင့်ရှိ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် တိုက်စစ်မှူး လီဝမ်ဒေါ်စကီးအား အသင်းတွင် ဆက်မထိန်းနိုင်ခဲ့ပါက ဟီဂူအင်ဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဥရောပကလပ်အသင်းများ၏ စိတ်ဝင်စားမှုခံထားရသည့် တိုက်စစ်မှူး ဟီဂူအင်သည် ဥရောပလိဂ်၏ ထိပ်တန်းလိဂ်ငါးလိဂ်တွင် တိုက်စစ်ပိုင်းစွမ်းဆောင်ရည်အကောင်းဆုံး ကစားသမားနှင့် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာရန် ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်နှင့် အပြိုင်ဖြစ်နေသကဲ့သို့ နာပိုလီအသင်းသည်လည်း အီတလီစီးရီးအေဖလား ရရှိရန် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည့် ဂျူဗင်တပ်အသင်းနှင့် အပြိုင်ကြိုးပမ်းနေရကြောင်း သိရသည်။ လက်ရှိဥရောပ၏ လိဂ်ငါးလိဂ်တွင် ဂိုးသွင်းအများဆုံးကစားသမားများအဖြစ် လာလီဂါတွင် ဘာစီလိုနာ တိုက်စစ်မှူး ဆွာရက်ဇ်က သွင်းဂိုး ၂၅ ဂိုး၊ ပရီမီယာလိဂ်တွင် တိုက်စစ်မှူး ဗာဒီက သွင်းဂိုး ၁၉ ဂိုး၊ ဘွန်ဒက်လီဂါတွင် တိုက်စစ်မှူး လီဝမ်ဒေါ်စကီးက သွင်းဂိုး ၂၃ ဂိုး၊ ပြင်သစ်ပထမတန်းတွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်က သွင်းဂိုး ၂၃ ဂိုး အသီးသီးသွင်းယူထားကြသည်။

## မတ် ၃ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် ၂၈**

| | |
|---|---|
| အာဆင်နယ် - ဆွမ်ဆီး | နံနက်-၂း၁၅ |
| ဝက်စ်ဟမ်း - စပါး | နံနက်-၂း၁၅ |
| စတုတ် - နယူးကာဆယ် | နံနက်-၂း၁၅ |
| လီဗာပူး - မန်စီးတီး | နံနက်-၂း၁၅ |
| မန်ယူ - ဝက်ဖို့ဒ် | နံနက်-၂း၃၀ |

**စပိန် လာလီဂါ ပွဲစဉ် -၂၇**

| | |
|---|---|
| ဆီဗီလာ - အီဘား | နံနက်-၁း၃၀ |
| ဆယ်လ်တာဗီဂို - ဗီလာရီးယဲလ် | နံနက်-၁း၃၀ |
| မာလာဂါ - ဗလင်စီယာ | နံနက်-၁း၃၀ |
| ဘီဘာအို - ဒီပို့တီဗို | နံနက်-၁း၃၀ |
| လီဗန်တေး - ရီးယဲလ် | နံနက်-၁း၃၀ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၂၄**

| | |
|---|---|
| ဘိုင်ယန်မြူးနစ် - မိန့်ဇ် | နံနက်-၁း၃၀ |
| ရှော်လ်ကေး - ဟမ်းဘတ် | နံနက်-၁း၃၀ |
| လေဗာကူဆင် - ဝါဒါဘရီမင် | နံနက်-၁း၃၀ |
| မိုချန်ဂလက်ဘတ်- စတုဂတ် | နံနက်-၁း၃၀ |
| ဟာသာဘာလင် - ဖရန့်ဖတ် | နံနက်-၁း၃၀ |
| ဟော့ဖန်ဟိမ်း - အော့စ်ဘတ် | နံနက်-၁း၃၀ |
| ဒမ်းစတက် - ဒေါ့မွန် | နံနက်-၁း၃၀ |

(မောင်မောင်ဇော်)

## အားကစားလောက သတင်းတိုများ

အဲဗာတန် ဗဟိုနောက်ခံလူ ဂျွန်စတုန်းအနေဖြင့် အဲဗာတန်မှ ထွက်ခွာဖြစ်ခဲ့လျှင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် အသင့်လျော်ဆုံးဖြစ်ကြောင်း ယခင်လီဗာပူး ဂန္ထဝင်ကစားသမား အလန်ဟန်ဆန်က ပြောကြားခဲ့သည်။

ရီးယဲလ်တောင်ပံတိုက်စစ်မှူး စီရိုနယ်လ်ဒိုက အက်သလက်တီကိုအားရှုံးနိမ့်ခဲ့သော ပွဲအပြီးတွင် အသင်းဖော်များအား ဝေဖန်မှုပြုခဲ့သော်လည်း မတ် ၁ ရက်တွင် လေ့ကျင့်ရေးအစီအစဉ် ပြန်လည်ပြုလုပ်ရာ၌ ယင်းသို့ ပြောကြားခဲ့ခြင်းအတွက် ပြန်လည်တောင်းပန်ခဲ့ကြောင်း သိရသည်။ **(မေလှဲ့သင်း)**




ဖီဖာဥက္ကဋ္ဌသစ်ဖြစ်လာသူ အင်ဖန်တီနိုက ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲများအား ရုရှားနှင့် ကာတာနိုင်ငံတို့တွင် ကျင်းပသွားမည့် အစီအစဉ်ကို ပြောင်းလဲရန် ဖီဖာအုပ်ချုပ်ရေး အဖွဲ့အစည်းအနေဖြင့် စဉ်းစားမည်မဟုတ်ဘဲ မူလအစီအစဉ်အတိုင်းသာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ယင်းနှစ်နိုင်ငံတွင် ကျင်းပမည့်ကိစ္စရပ်ကို FBI က စုံစမ်းနေခြင်းကြောင့် အခြားနိုင်ငံများက အိမ်ရှင်နိုင်ငံကျင်းပခွင့်ကို ပြန်လည်မဲပေးရွေးချယ်ရန် မျှော်လင့်လာခြင်းဖြစ်သည်။

ဇူးရစ်မြို့၌ အင်ဖန်တီနိုက သတင်းထောက်များကို ပြောကြားရာတွင် "ကာတာနဲ့ ရုရှားနိုင်ငံတွေနဲ့ ပတ်သက်ပြီး ပြောရရင် ၂၀၁၀မှာ ဒီနိုင်ငံတွေကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရွေးချယ်ရေးမှာ မကျေနပ်မှုတွေ၊ ခြစားမှုတွေရှိခဲ့တယ်ဆိုပေမယ့် ဘာတစ်ခုမှ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ အာရုံထားရမှာက ရုရှားနဲ့ ကာတာ နိုင်ငံတွေဟာ ဖီဖာရဲ့ သမိုင်းမှာ ကမ္ဘာ့ဖလားကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးဆိုတာကိုပဲ လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်"ဟု ဆိုလိုက်သည်။

**(မေလှဲ့သင်း)**

## အက်သလက်တီကိုရဲ့ နိုင်ပွဲဆက်မှုရပ်တန့်သွားမယ့်

## စပိန်လာလီဂါရင်ခုန်သံ - ၂၈

*စပိန်လီဂါပွဲစဉ်(၂၈)ကိုလာမယ့် မတ်လ ၅၊ ၆၊ ၇ ရက် တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဗလင်စီယာနဲ့အက်သလက်တီကိုဆုံတွေ့တဲ့ ပွဲကောင်းတွေ ပါဝင်နေပြီး ဘယ်လိုရလဒ်ထွက်ပေါ်လာဦးမလဲဆိုတာ ဆက်လက်လေ့လာချင်စရာ ကောင်းနေသလို ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာတို့အနေနဲ့လည်း နိုင်ပွဲရယူနိုင်မလား ဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။*

ရှိုင်းမင်းမင်း

**ရီးယဲလ် - ဆယ်တာဗီဂို ည ၉း၃၀ (၅-၃-၁၆)**

ဆယ်တာဗီဂိုခြေက တည်ငြိမ်မှုမရှိပါဘူး။ ဥရောပဝင်ခွင့်ရဖို့ အားစိုက်ကစားနေပေမယ့် ခံစစ်ပိုင်းလုံခြုံမှုမရှိတာတွေ့ရပါတယ်။ ရီးယဲလ်ကတော့ အဝေးကွင်းပွဲတွေမှာ ခြေကမတည်ငြိမ်ပေမယ့် အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုကောင်းသလို တိုက်စစ်ကလည်း ပိုမိုထက်မြက်တတ်တာကြောင့် ဆယ်တာဗီဂိုကို ဖိအားပေးသွားနိုင်မှာပါ။ ရီးယဲလ်ပဲ အနိုင်ရဖို့သေချာနေပါတယ်။

**ဗီလာရီးယဲလ်-လက်ပဲလ်မက်စ် ည ၁၁း၄၅ (၅-၃-၁၆)**

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အားစိုက်ကစားနေတဲ့ ဗီလာရီးယဲလ်ခြေက ထက်မြက်မှုရှိပါတယ်။ အထူးသဖြင့် ဗီလာရီးယဲလ်ဟာ အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုမိုကောင်းမွန်တတ်သလို ဂိုးသွင်းခြေလည်း ပိုမိုကောင်းမွန်တတ်ပါတယ်။ လက်ပဲလ်မက်စ်ကတော့ တန်းမဆင်းရဖို့အတွက် အခုနောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေတာတွေ့ရပါတယ်။ ဒါပေမယ့် လက်ပဲလ်မက်စ်ခြေကတော့ တည်ငြိမ်မှုမရှိပါဘူး။ ခံစစ်ကအားနည်းနေတာကြောင့် ဗီလာရီးယဲလ်ကို ထိန်းချုပ်နိုင်ဖို့ခက်ပါလိမ့်မယ်။ ဗီလာရီးယဲလ်ကသာ အိမ်ကွင်းမှာ အနိုင်ရသွားမှာပါ။

**ဂီတာဖေး - ဆီဗီလာ နံနက် ၂း၀၀ (၆-၃-၁၆)**

ဂီတာဖေးက ခြေစွမ်းပိုင်းပျက်ယွင်းနေပါတယ်။ တန်းဆင်းဇုန်က အသင်းတွေနဲ့ အမှတ်မကွာတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ အတော်လေးအားနည်းနေပါတယ်။ ဆီဗီလာကတော့ အဝေးကွင်းပွဲတွေမှာ စွမ်းဆောင်ရည်က အနည်းငယ်ကျဆင်းတတ်ပေမယ့် အသင်းလိုက်ကစားပုံ ပိုမိုတည်ငြိမ်ကာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက်လည်း အားစိုက်ကစားလာမှာ သေချာပါတယ်။ ဆီဗီလာပဲ အနိုင်ရမယ်။

**ဒီပို့တီဗို - မာလာဂါ နံနက် ၃း၃၅ (၆-၃-၁၆)**

မာလာဂါခြေက အနည်းငယ်ပြန်လည်ကျဆင်းသွားပါတယ်။ အထူးသဖြင့် မာလာဂါဟာ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း ပိုမိုကျဆင်းတတ်ပါတယ်။ ဒါပေမယ့်လည်း ဒီပို့တီဗိုခြေကလည်း တည်ငြိမ်မှုမရှိတာတွေ့ရပါတယ်။ အထူးသဖြင့် ဒီပို့တီဗိုဟာ ခံစစ်ကစားပုံ အားနည်းမှုတွေကြောင့် အိမ်ကွင်းပွဲတွေမှာတောင်နိုင်ပွဲပျောက်ဆုံးနေပြီး သရေပွဲတွေများလွန်းနေပါတယ်။ ဒါကြောင့် ဒီပို့တီဗို အိမ်ကွင်းဖြစ်ပေမယ့် မာလာဂါတို့အခွင့်အရေးရနိုင်ကာ သရေကျမယ်။

**ဘက်တစ် - ဂရန်နာဒါ ညနေ ၅း၃၀ (၆-၃-၁၆)**

အမှတ်ပေးဇယားအောက်ခြေက ဂရန်နာဒါဟာ တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေကတော့ တိုးတက်လာမှုမရှိသေးပါဘူး။ အထူးသဖြင့် ခံစစ်ပိုင်းက အားနည်းလွန်းတာကြောင့် နိုင်ပွဲရဖို့ ပွဲတိုင်းအတော်လေး ရုန်းကန်နေရပါတယ်။ ဘက်တစ်ကလည်း လက်ရှိအချိန်မှာ ခြေပျက်နေတဲ့အသင်းဆိုပေမယ့် အိမ်ကွင်းအားနဲ့ဖိအားပေးကစားသွားမှာသေချာပါတယ်။ ဘက်တစ်အတွက်လည်း တန်းမဆင်းရဖို့စိတ်မချရသေးလို့ ပိုမိုအားစိုက်မှာ ဖြစ်သလို နိုင်ပွဲလည်းရမယ်။

**အီဘား - ဘာစီလိုနာ ည ၉း၃၀ (၆-၃-၁၆)**

ဘာစီလိုနာခြေက အတော်လေးအားကောင်းမှုရှိပါတယ်။ အီဘားကတော့ ခြေစွမ်းပိုင်းအရ ပျက်ယွင်းနေပါတယ်။ အထူးသဖြင့် အီဘားဟာ အမှတ်ရရှိမှုအနေအထားအရ ဥရောပဝင်ခွင့်မျှော်လင့်နိုင်သေးတာကြောင့် ပွဲတိုင်းအားစိုက်ကစားနေပေမယ့် ခံစစ်ပိုင်းက အားနည်းမှုနဲ့အတူ ရလဒ်တွေဆက်တိုက်ဆိုးရွားနေပါတယ်။ အဆိုပါ ခံစစ်အနေအထားမျိုးနဲ့ အီဘားတို့ ဘာစီလိုနာတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ခဲလွန်းပါတယ်။ ဘာစီလိုနာကသာ ပွဲချိန်ပြည့်ဖိအားပေးကစားပြီး အနိုင်ယူသွားမှာပါ။

**ဆိုစီဒက် - လီဗန်တေး ည ၁၁း၄၅ (၆-၃-၁၆)**

ဆိုစီဒက်ခြေက အခုနောက်ပိုင်း အတော်လေးကောင်းမွန်နေပါတယ်။ အမှတ်ရရှိထားမှု အနေအထားအရလည်း ဥရောပဝင်ခွင့်ကို မျှော်လင့်လာနိုင်တာကြောင့် ဒီပွဲမှာလည်း အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဆိုစီဒက်ဟာ အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်လို့ လီဗန်တေးကို ဖိအားပေးသွားနိုင်မှာပါ။ လီဗန်တေးက တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေကတည်ငြိမ်မှုမရှိပါဘူး။ တိုက်စစ်ကလည်း အားနည်းနေပါတယ်။ ဆိုစီဒက်ကသာ အနိုင်ရသွားမှာ သေချာနေတယ်။

**ဂီဂျွန် - ဘီဘာအို ည ၁၁း၄၅ (၆-၃-၁၆)**

ဥရောပဝင်ခွင့်မျှော်လင့်ချက်ရှိနေတဲ့ ဘီဘာအိုဟာ အခုနောက်ပိုင်းပွဲတိုင်းကို အားစိုက်ကစားနေပါတယ်။ ဒါပေမယ့်တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်မှုမရှိတာကြောင့် ရလဒ်ပိုင်းကတော့ကောင်းမွန်မှုမရှိတာ တွေ့ရပါတယ်။ ဂီဂျွန်ကတော့ တန်းမဆင်းရဖို့အားစိုက်ကစားနေသလို ခြေလည်းမဆိုးပါဘူး။ အိမ်ကွင်းဖြစ်တဲ့အပြင် လက်ရှိအချိန်မှာ အမှတ်ရအောင်ကစားနိုင်နေတဲ့ ဂီဂျွန်တို့ အိမ်ကွင်းမှာသရေလောက် ကစားသွားနိုင်ဖို့ ရှိနေပါတယ်။

**ဗလင်စီယာ-အက်သလက် နံနက် ၂း၀၀ (၇-၃-၁၆)**

ပွဲကောင်းတစ်ပွဲပါ။ လက်ရှိအချိန်မှာ ဗလင်စီယာဟာ ဂယ်ရီနေဗီးလ်လက်အောက် ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်နေကာ တိုက်စစ်ကလည်း ဂိုးသွင်းခြေရလာတာကို တွေ့ရပါတယ်။ ဒါပေမယ့် အက်သလက်တီကိုကလည်း ခြေစွမ်းပိုင်းအားကောင်းနေပြီး တိုက်စစ်ကစားပုံလည်း ကောင်းမွန်နေလို့ ဒီပွဲမှာတော့ ဗလင်စီယာတို့ အမြင့်ဆုံး သရေလောက်ပဲရယူနိုင်ဖို့ရှိတယ်။

**အက်စ်ပန်ညို-ဗယ်လက်ကာနို နံနက် ၂း၀၀ (၇-၃-၁၆)**

အက်စ်ပန်ညိုက တန်းဆင်းဇုန်ကအသင်းတွေနဲ့ အမှတ်ကွာဟမှု အတော်လေးကျဉ်းမြောင်းနေတာကြောင့် ဒီလိုအိမ်ကွင်းပွဲစဉ်မျိုးမှာ အမှတ်ပြည့်ရရှိဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အက်စ်ပန်ညိုခြေက သာမန်သာရှိတာကိုတော့ သတိပြုရမှာပါ။ ဒါ့အပြင် ဗယ်လက်ကာနိုခြေကလည်း ကောင်းမွန်နေတာကြောင့် အက်စ်ပန်ညိုတို့ အိမ်ကွင်းမှာ ရုန်းကန်ရနိုင်ကာ အမြင့်ဆုံးသရေလောက်ပဲ ကစားသွားနိုင်ဖို့ရှိပါတယ်။

# စည်ပင်သာယာရေးကော်မတီပိုင် အဆင့်မြင့် မြို့မဈေးရှိ မီနီမားကက်နှင့် ပုံကျဈေး ဖွင့်လှစ်

**တာချီလိတ် မတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီက ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေး၊ အများပြည်သူ ဈေးရောင်းဈေးဝယ်များ စနစ်တကျရှိစေရေးအတွက် အဆင့်မြင့် ဝမ်ကောင်းမြို့မဈေးအပေါ်ထပ်ရှိ မီနီမားကတ်၊ စားသောက်ဆိုင်နှင့် ပုံကျဈေးသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီ က အဆိုပါဈေးသစ်ရှေ့၌ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဖွင့်ပွဲအထိမ်းအမှတ်အလံငယ်များအား မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်းက တာဝန်ရှိသူများထံပေးအပ်ခဲ့သည်။ ယင်းနောက် ပြည်နယ်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထိုက်၊ ပြည်နယ်စည်ပင်သာယာရေးဌာနခွဲကျိုင်းတုံမြို့မှ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် မင်းခေတ်သစ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းဝန်းပန်(ခ)ဦးမောင်မောင်တို့က ပုံကျဈေးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက ပုံကျဈေးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဈေးအတွင်း ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းများအားလှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါ ပုံကျဈေးသစ်အား ငွေကျပ်သိန်း ၁၃၀၀ ဖြင့် မြေအကျယ် ၈၀ ပေပတ်လည်၌ ပုံကျဈေးခုံ ၁၄၆ ခုံဖြင့် တည်ဆောက်ထားသည်။ မြို့မဈေးအပေါ်ထပ်တွင် ငွေကျပ်သိန်း ၂၃၀၀ ဖြင့် မီနီမားကတ် ၁၂ ခန်းနှင့် ကလေးကစားကွင်းများကို ဆောင်ရွက်ထားကြောင်း သိရသည်။

ယင်းနေ့က မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရွှေရေကန်သွင်းကုန်ထုတ်ကုန်ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ထားသည့် ငွေကျပ်သိန်း ၉၇၄၀ ဖြင့် မြေဧရိယာ ၁ ဒသမ ၂၆ ဧကအကျယ်အဝန်းတွင် မီနီမားကတ်ဆိုင်ခန်းများ၊ အဝေးပြေးယာဉ်ဂိတ်နားနေဆောင်ဖွင့်ပွဲကျင်းပရာ ကျိုင်းတုံ(ရုံးခွဲ) မှ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ရွှေရေကန်သွင်းကုန်ထုတ်ကုန်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းနွမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက မီနီမားကတ်ဆိုင်ခန်းများနှင့် အဝေးပြေးယာဉ်နားနေဆောင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံနှင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ အင်ဂျင်နီယာမှူး ဦးလှမျိုးတို့က လုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# သရက်မြို့နယ်တွင် နွေရာသီ ရေပြတ်လပ်မှုမရှိစေရေး ဆွေးနွေး

**သရက် မတ် ၁**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် သံပုရာကိုင်းကျေးရွာနှင့် မကျီးရုံကျေးရွာတို့တွင် နွေရာသီ ရေရှားပါးပြတ်လတ်မှုမရှိစေရေးအတွက် ဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက ကျေးရွာ အုပ်ချုပ်ရေးမှူးအိမ်အတွင်း ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းထိုက်က နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် ကြိုတင်စီမံဆောင်ရွက်ရမည့် နည်းလမ်းများအား ညှိနှိုင်းဆွေးနွေးပေးခဲ့သည်။

ယင်းနောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊မြို့နယ်အထောက်အကူပြုကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများမှ ရေရှည်ရေပြတ်လပ်မှုမရှိစေရေး၊ မကျီးရုံကျေးရွာ မြေသားရေကန် တူးဖော်နေမှုနှင့် သံပုရာကိုင်းကျေးရွာ မြေသားရေကန်တူးဖော်မည့် မြေနေရာတို့အား ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှု၍ ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# ကျိုက်ထီးရိုးရင်ပြင်တော်၌ အောင်မြေနေရာ ပြန်လည်ဖော်ထုတ်ထားရှိမည်

**ကျိုက်ထို မတ် ၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်တွင် ယခင်က ဒေါင်းရုပ်၊ ကြက်ရုပ်၊ ခြင်္သေ့ရုပ်စသည်များဖြင့် အကွက်ချနင်းရသော အောင်မြေနေရာရှိခဲ့ကြောင်း သိရသည်။

ယခုအခါ ထိုအောင်မြေနေရာ ပျောက်ကွယ်နေခြင်းကို ပြန်လည်ဖော်ထုတ်သွားမည်ဖြစ်ပြီး ဖော်ထုတ်လုပ်ကိုင်ရာတွင် ဦးမျိုးဇင်+ဒေါ်ချိုနွယ်ဦး မိသားစုမှ လိုအပ်သည်များကို မတည်လှူဒါန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် အကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**(ရွှေတိုင်လွင်)**

# စိုက်ပျိုးရေးဦးစီးဌာနမှ ကုလားပဲမျိုး စမ်းသပ်စိုက်ကွက်၌ ပညာပေးဆွေးနွေး

**ပွင့်ဖြူ မတ် ၁**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာတောင်သူ ဦးမျိုးညွန့်ဦး၏ ကွင်းအမှတ် ၉၁၀ ရှိ လယ်တစ်ဧကတွင် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကုလားပဲမျိုးများ စမ်းသပ်ယှဉ်ပြိုင်စိုက်ပျိုးအောင်မြင်မှုအား ဒေသခံတောင်သူဦးကြီးများအား ရှင်းလင်းဆွေးနွေးပညာပေးမှုကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါစိုက်ကွင်းတွင် ပြုလုပ်ခဲ့သည်။

လယ်တစ်ဧကအတွင်း ကုလားပဲမျိုးများဖြစ်သော Dar အမျိုးအနွယ် ICCV 10102,ICCV 10111,ICCV 10114, ရေဆင်း(၄)၊ ရေဆင်း (၆) နှင့် ACIAR အမျိုးအနွယ် ICCV 00108, ICCV 02-54, ရေဆင်း(၄) မျိုးတို့ကို ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခဲ့ရာရေ၊ မြေဒေသအရ သီးနှံနှံနှင့် အထွက်နှုန်းကောင်း၍ အောင်မြင်မှုအခြေအနေတို့ကို စိုက်ပျိုးရေးဝန်ကြီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်ဝင်းတို့က ဒေသခံတောင်သူဦးကြီးများအား စိုက်ခင်းအတွင်း လက်တွေ့ရှင်းလင်းဆွေးနွေးပညာပေး ပြသခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**


## ခေမာဝင်းကျောင်းရွှေရတုပူဇော်ပွဲ ကျင်းပမည်

မန္တလေးမြို့ မဏိရတနာရာမမြတောင်တိုက် ခေမာဝင်း ကျောင်းတော်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ပူဇော်ပွဲတော်ကို (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၈ရက်) ၁၆-၃-၂၀၁၆(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍ ရပ်နီး/ရပ်ဝေးမှ ခေမာဝင်းနွယ်ဖွား တပည့် သံဃာတော်များနှင့် ဒါယကာ/ဒါယိကာမအပေါင်းတို့ စုံညီစွာဆုံတွေ့နိုင်ရန်အတွက် ကြွရောက်တော်မူကြပါရန် အကြောင်းကြားသိစေအပ်ပါသည်။

ရွှေရတုပွဲတော်ကျင်းပရေးကော်မတီ
ခေမာဝင်းကျောင်းမြတောင်တိုက်



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မြောင်းမြမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ တိုက်အမှတ်(၇)တွင်နေထိုင်သူ (ဘ) ဦးမောင်မောင်၏သမီး၊ [၁၃/မပတ(နိုင်)၀၂၃၇၀၄] ကိုင်ဆောင်သူ ဒေါ်နန်းနော်၏ ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။ ဖုန်းနံပါတ် ၀၉- ၂၅၄၅၉၉၃၀၀အား ကျွန်ုပ်၏ မိတ်ဆွေသည် လုံးဝကိုင်ဆောင်ခြင်း၊ အသုံးပြုခြင်း၊ ပတ်သက်ခြင်းမရှိပါ။ ထို့ကြောင့် ယင်းဖုန်းနံပါတ် ကို အသုံးပြု၍ မဟုတ်မမှန်လုပ်ကြံပြောဆိုခြင်း၊ Message ပေးပို့ခြင်း၊ Facebook, Instagram, Line, We Chat နှင့် Bee Talk, G-Mail, Viber များအသုံးပြုချင်းများတွင် ကျွန်ုပ်မိတ်ဆွေ၏ ရုပ်ပုံနှင့်အမည်အား အသုံးမပြုရန်နှင့် အသုံးပြုသူများအား ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုဇန်မြင့်လွင် (LL.B) အထက်တန်းရှေ့နေ အမှတ်စဉ်-၄၀၇၈၁**
**ဗဟိုမီးသတ်ဝန်ထမ်းအိမ်ရာ၊ မြောင်းမြမြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊(ဇ)ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ်(၁၇) တွင်နေထိုင်သူ ကျွန်မ ဒေါ်ယဉ်ယဉ်ထိုက် (ဘ) ဦးမောင်စိုး၊ (မိ) ဒေါ်ဝင်းရွှေ၊ [၁၂/ဥကမ(နိုင်)၁၉၀၉၄၁] ကိုင်ဆောင်သူမှ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်မသည် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ရော(၂) လမ်း၊ အိမ်အမှတ် (၅၁၆) ပေါ်တွင်ရှိသော အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက် အမှတ်(၅၁၆-၁/၂)၊ ရော(၂)လမ်း၊ မြေငှားစာချုပ်အမှတ်(မဥ/ဈ-၅၆၅/၉၃)၊ မြေဧရိယာပေ (၁၂၀၀) စတုရန်းပေ၊ ပေ(၂၀×၆၀)ပေါ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့် သီးပင်စားပင်အပါအဝင်ရောင်းချသည့် အိမ်မြေအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုလက်ရှိ အိမ်ဂရန်မြေအမည်ပေါက် လက်ဝယ်ထားရှိပိုင်ဆိုင်နေထိုင်သူ (၁) ဦးသောင်းမြင့် (ဘ) ဦးစံမြင့် [၁၂/ဥကမ(နိုင်)၁၆၅၈၉၈]၊ (၂) ဒေါ်မောတန်ရှိ(ခ) ဒေါ်စိန်စိန်(ဘ) ဦးဖြူထွန်းဦး [၁၂/ဥကမ (နိုင်)၀၆၀၀၀၄] ကိုင်ဆောင်သူတို့မှ ကာလပေါက်ဈေးဖြင့် ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် (ခုနစ်ရက်)အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ဤအိမ်မြေနှင့် ပတ်သက်သည့် သက်ဆိုင်မည့်သူများလာရောက် ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်စာချုပ်ကိုပြီးစီးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်ထိုက်**
**(ဘ) ဦးမောင်စိုး[၁၂/ဥကမ(နိုင်)၁၉၀၉၄၁]**
**၀၉-၇၃၀၃၂၃၆၀၊ ၀၉-၂၅၂၅၉၇၇၆၆**

## ဦးစိန်ဝင်း[၇/ရတရ(နိုင်)၁၀၁၅၂၄]နှင့်အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးစံပြကျေးရွာ၊ ဇောတိက(၄)လမ်း၊ အမှတ်(၄၈၀)နေ ဒေါ်ငြိမ်း[၁၂/ မဂဒ(နိုင်)၀၆၂၇၇၇]၏ ညွှန်ကြားချက်အရအောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ သမ္မတကွန်ဒို၊ အမှတ်(၉)၊ အခန်း(၁/စီ) နေ ဦးစိန်ဝင်း [၇/ရတရ(နိုင်)၁၀၁၅၂၄]က ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းအနောက်၊ ကွင်းအမှတ် (၅၃၄/အေ)၊ ဦးပိုင်အမှတ်(၁၉)၊ ဦးကျော်တင်(သား)ဦးမြဟန်အမည်ပေါက်ပိုင်ဆိုင်သည့် လယ်မြေ ပြေစာပါ ဧရိယာ(၇. ၈၀)ဧကအနက်မှ တစ်စိတ်တစ်ဒေသဖြစ်သော အမှတ်(၃)လမ်းမကြီး၏ အရှေ့ဘက် ကပ်လျက်ကျန်ရှိနေသော လယ်မြေအကျိုးခံစားခွင့်အရပ်ရပ်ကိုဒေါ်ငြိမ်းထံမှ ဝယ်ယူရန် သဘောတူ သဖြင့် ၁၂-၈-၂၀၁၄ရက်တွင် စရန်ငွေပေးပြီးကျန်ငွေကို ၁၅-၁၁-၂၀၁၄ရက် ပေးချေမည်ဖြစ်ကြောင်း "နှစ်ဦးသဘောတူလယ်မြေအရောင်းအဝယ်(စရန်ပေး)ကတိစာချုပ်"ကို ချုပ်ဆိုခဲ့ကြပါသည်။ သို့ရာတွင် စာချုပ်ပါ ကတိအတိုင်းဦးစိန်ဝင်းက ကျန်ငွေကို လုံးဝပေးချေခြင်းမရှိ၍ စရန်ပေးစာချုပ်မှာ ပျယ်ပြယ်ပြီး စာချုပ်ဖြစ်နေသဖြင့် အဆိုပါ လယ်မြေကွက်နှင့်စပ်လျဉ်း၍ ဦးစိန်ဝင်း၏ ဆောင်ရွက်ချက်များသည် တရားမဝင်ပါကြောင်း၊ ဦးစိန်ဝင်း၏တာဝန်သာဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဒေါ်ငြိမ်း၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြံခတ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ နေထိုင်ခြင်းလုံးဝမပြုရန်နှင့် တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဒေါ်ငြိမ်း၏ညွှန်ကြားချက်အရ-
ဦးလှဦး(ဝါးခယ်မ) B.Sc,R.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၀၆၈/၉၄)
အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၃၀)ဟုခေါ်တွင်ဆောက်လုပ်နေသော (၂)ခန်းတွဲ၊ (၅)ထပ်တိုက်၏ ကန်ထရိုက်တာ ဦးလှဝင်းပိုင်သော အခန်းများထဲမှ အပေါ်ဆုံးထပ်(ဒါဘာ)(ခြေရင်းခန်း) (၁၂ပေ×ပေ၄၀)အခန်းအား ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၄၄)နေ ကျွန်မ ဒေါ်မြင့်မြင့်ရီ [၁၂/ပဇတ(နိုင်)၀၂၃၄၀၀]မှ ကျပ်ငွေသိန်းတစ်ရာဖြင့် ဝယ်ယူရန်အတွက် ၁၁-၁-၂၀၁၅ရက်တွင် စရန်ငွေသိန်း(၃၀)အားလည်းကောင်း၊ အရစ်ကျငွေသွင်းစနစ်ဖြင့် တစ်ရစ်ကို သိန်း(၂၀)ဖြင့် နှစ်ရစ်ပေးသွင်းပြီး စုစုပေါင်းသိန်း(၇၀)ပေးသွင်း၍ နှစ်ဦးသဘောတူစာချုပ်ဖြင့်ဝယ်ယူထားပြီးဖြစ်ပါသည်။

ယခုအခါ ကန်ထရိုက်တာဦးလှဝင်းမှ ၎င်းအဆောက်အအုံအားဆက်လက်ဆောက်လုပ်ခြင်းမရှိဘဲ ဆက်သွယ်၍မရဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ ကျွန်မပိုင်ဆိုင်သော ၎င်းအခန်းအား ကျွန်မမသိဘဲ မည်သူတစ်စုံတစ်ယောက်ကမျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်စုံတစ်ယောက်အား လွှဲပြောင်းပေးအပ်ခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ရီ[၁၂/ပဇတ(နိုင်)၀၂၃၄၀၀]**
**အမှတ်-၃၀/၅၊ အပေါ်ဆုံးထပ်(ဒါဘာ)(ခြေရင်းခန်း)အခန်းအား ဝယ်ယူထားသူ**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၂၆) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၆ ခုနှစ် ၊ မတ် လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

က - ၅၂၀၀၁၇

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

င - ၁၀၇၆၂၆    င - ၅၀၅၇၈၇

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ဗ - ၂၅၆၅၂၇
သ - ၃၇၂၇၀၉
ယ - ၆၇၇၃၅၁
န - ၈၇၁၃၂၁
ပ - ၈၇၁၇၆၃

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ပ - ၁၃၄၉၈၃
ည - ၁၇၆၁၅၃
ဓ - ၂၉၈၃၄၇
တ - ၃၉၁၇၆၁
လ - ၆၅၃၁၅၇
င - ၈၄၄၈၃၅

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

ပ - ၁၀၀၇၈၃
ဇ - ၁၀၅၄၄၈
သ - ၅၀၃၁၃၉
ခ - ၅၅၇၉၈၅
ည - ၇၀၅၉၆၁
ပ - ၈၂၇၅၈၃
တ - ၈၈၁၇၀၈

### ဆုတစ်ဆုစျင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| မ - ၁၉၁၉၇၄ | ဒ - ၄၈၈၂၆၁ | န - ၅၇၆၂၆၈ | ယ - ၆၈၇၂၀၁ |
| လ - ၂၉၁၂၂၅ | ည - ၄၈၉၀၃၈ | ဋ - ၅၈၄၇၃၄ | ခ - ၉၄၉၃၇၂ |
| ဗ - ၂၉၅၆၂၉ | ပ - ၄၉၉၁၅၇ | န - ၅၉၇၇၂၉ | ခ - ၉၉၃၃၄၀ |
| ကခ - ၃၅၅၇၅၃ | ယ - ၅၄၃၄၃၅ | လ - ၆၂၀၄၃၀ | |
| ဟ - ၃၈၅၇၈၃ | ဇ - ၅၅၆၄၆၀ | န - ၆၃၅၄၂၀ | |

### ဆုတစ်ဆုစျင်းကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| လ - ၁၂၈၃၈၇ | ကခ - ၄၆၄၈၉၂ |
| ကက - ၁၇၆၀၃၄ | တ - ၄၉၅၈၉၂ |
| ဈ - ၂၂၅၃၂၀ | ဇ - ၅၈၁၄၈၉ |
| ဇ - ၂၃၇၂၃၇ | ကဂ - ၆၄၄၄၃၁ |
| ယ - ၂၅၄၇၇၁ | ဌ - ၇၅၁၃၄၆ |
| တ - ၃၁၂၇၆၉ | ဂ - ၇၅၄၆၇၈ |
| ထ - ၃၄၀၃၄၈ | ဗ - ၈၉၇၄၇၂ |
| ဂ - ၃၈၉၂၈၅ | ဇ - ၉၁၇၄၉၈ |
| ထ - ၄၀၁၇၀၃ | ဖ - ၉၁၈၄၄၅ |
| အ - ၄၃၀၅၄၆ | ဍ - ၉၂၁၁၁၉ |

### ဆုတစ်ဆုစျင်းကျပ်(၂၅)သိန်းဆုများ

| | |
|---|---|
| ကက - ၁၃၀၀၂၉ | ကင - ၄၁၂၇၅၉ |
| ဈ - ၂၀၄၅၁၈ | မ - ၄၈၆၆၄၇ |
| အ - ၂၇၇၂၉၄ | ကင - ၅၄၅၃၅၇ |
| ဋ - ၂၈၈၁၄၉ | ထ - ၅၈၀၉၃၆ |
| ကဂ - ၂၈၉၅၈၇ | လ - ၆၄၆၇၂၉ |
| ကက - ၃၁၀၈၆၅ | န - ၆၄၉၅၁၉ |
| တ - ၃၂၂၇၉၉ | ယ - ၆၆၀၇၉၄ |
| ကက - ၃၅၃၀၈၈ | ထ - ၇၅၃၁၂၅ |
| ဍ - ၃၆၄၂၄၉ | ဂ - ၇၇၀၄၀၀ |
| ရ - ၄၀၁၃၅၇ | ကင - ၉၈၂၈၂၇ |

## ဆုတစ်ဆုချင်းဆုမဲနံပါတ်ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ချ | ၁၄၈၆၉၉ | ဘ | ၄၉၂၀၀၅ |
| ပ | ၁၄၈၈၈၃ | ဆ | ၅၁၃၆၁၅ |
| ကခ | ၁၉၂၆၈၅ | ခ | ၅၁၈၇၈၄ |
| ချ | ၂၅၃၉၈၉ | စ | ၅၂၈၃၀၀ |
| ပ | ၂၆၆၆၆၄ | ဆ | ၆၁၅၂၂၉ |
| ဒ | ၂၇၂၈၈၇ | ဍ | ၇၁၆၄၆၈ |
| ဝ | ၃၀၃၅၀၈ | ကယ | ၇၉၈၅၆၄ |
| ဏ | ၃၁၃၁၅၆ | သ | ၈၃၅၇၀၆ |
| မ | ၃၃၁၃၁၃ | ဆ | ၈၈၅၂၈၇ |
| လ | ၃၃၃၅၀၀ | တ | ၉၀၆၉၂၄ |
| ယ | ၃၄၂၇၉၉ | ဝ | ၉၃၃၉၆၈ |
| မ | ၃၄၆၅၃၂ | ဆ | ၉၅၅၀၄၆ |
| ဋ | ၃၅၁၇၃၅ | ဓ | ၉၆၅၄၃၈ |
| ကက | ၃၆၄၅၈၉ | ကခ | ၉၈၉၅၇၇ |
| ဘ | ၃၇၀၀၂၅ | ယ | ၉၉၈၂၂၀ |

## ဆုတစ်ဆုချင်းဆုမဲနံပါတ်ကျပ်(၅)သိန်းဆုများ

| | | | |
|---|---|---|---|
| ဋ | ၁၃၈၉၆၉ | လ | ၆၄၀၆၆၉ |
| ဓ | ၁၆၂၂၇၉ | ပ | ၆၅၅၄၁၅ |
| ကဂ | ၁၇၄၂၄၇ | ည | ၆၇၁၁၃၈ |
| တ | ၁၉၀၆၂၆ | ယ | ၆၈၀၀၉၁ |
| သ | ၂၁၅၀၀၉ | မ | ၇၂၀၂၂၆ |
| ဗ | ၂၀၇၇၅၁ | ဟ | ၇၄၀၃၁၆ |
| ကခ | ၂၂၄၁၇၂ | ကစ | ၇၄၄၆၃၆ |
| ဘ | ၂၇၀၂၈၇ | ဏ | ၇၆၀၇၇၉ |
| ဂ | ၂၈၆၃၄၃ | ရ | ၇၇၄၀၁၆ |
| န | ၃၂၇၉၄၀ | ကစ | ၈၀၈၇၄၈ |
| ကဂ | ၃၃၇၁၄၆ | အ | ၈၁၄၂၃၅ |
| ပ | ၃၅၁၈၁၆ | သ | ၈၁၅၁၆၁ |
| ကင | ၄၁၉၄၂၃ | ဗ | ၈၅၅၆၉၉ |
| ဓ | ၄၈၈၂၇၅ | ဗ | ၈၆၄၀၇၅ |
| ကယ | ၄၉၅၀၅၆ | ဋ | ၈၉၂၆၁၆ |
| ရှ | ၅၀၄၅၁၁ | ပ | ၉၂၁၅၄၆ |
| ဓ | ၅၂၉၈၁၃ | ကက | ၉၄၁၉၆၀ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ဖ | ၁၅၁၄၀ | တ | ၅၂၁၀၈ |
| ည | ၁၇၀၇၀ | ကစ | ၅၇၅၁၆ |
| အ | ၂၄၇၂၇ | အ | ၆၃၁၉၆ |
| ကင | ၂၇၄၄၅ | င | ၇၆၃၆၀ |
| ပ | ၃၅၂၄၃ | ကယ | ၈၁၈၁၅ |

အလွှာရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| သ | ၃၃၈၉ | ရှ | ၆၀၄၅ |
| စ | ၃၅၀၉ | ဓ | ၇၈၈၀ |
| ခ | ၃၇၈၃ | စ | ၉၁၀၈ |
| ကက | ၄၂၇၈ | ပ | ၉၆၄၃ |
| ကက | ၅၇၅၇ | မ | ၉၈၄၉ |

အလွှာရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| မ | ၁၆၃ | ဓ | ၆၄၃ |
| အ | ၁၇၁ | ယ | ၆၅၅ |
| ကယ | ၂၂၈ | ဒ | ၆၆၄ |
| ဖ | ၅၃၅ | ကဆ | ၈၆၈ |
| ဏ | ၆၃၀ | | |

အလွှာရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

| | |
|---|---|
| ကယ | ၂၆ |
| ဓ | ၃၆ |
| ကစ | ၃၇ |

အလွှာရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

၁။ ဖွင့်လှစ်ခဲ့သော (၃၂၆)ကြိမ်မြောက် အောင်ဘာလေထီဆုဖွင့်ပွဲအတွက် ထီထုပ်ရေ (၃၂၇၂၇၂၀) အားရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် (၆၅၄၅၄၄၀၀၀၀) ရရှိခဲ့ပြီး၊ ၄င်းမှ ( ၆၀ ) ရာခိုင်နှုန်းဖြစ်သော ကျပ်(၃၉၂၇၂၆၄၀၀၀)ကို ဆုမဲပေါင်း (၄၀၂၄၃) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၆ ခုနှစ်၊ ဧပြီ လ (၁) ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၂၇) ကြိမ်မြောက် အောင်ဘာလေထီဆုဖွင့်ပွဲတွင် အလွှာရာလုံးရေ (၄၀) ကုန်စင်အောင်ရောင်းချ ရပါက ဆုမဲပေါင်း (၄၀၂၄၃)ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကံစမ်းမည့်သူများအနေဖြင့် ( ၃၂၇ )ကြိမ် အတွက် ၃ -၃-၂၀၁၆ရက် မှစတင်၍ ထီစာအုပ်ကုန်စင်သည်အထိ အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိ အောင်ဘာလေထီဆုဌာနခွဲတွင် ထီလက်မှတ် (၁၀)စောင်ပါ ထီစာအုပ်တစ်အုပ် ကျပ်(၂၀၀၀)နှုန်းဖြင့်တစ်ဦးလျှင် ထီစာအုပ် (၁)အုပ် မှ ထီစာအုပ် (၁၀)အုပ်ထိ နိုင်ငံသားကတ်ပြားနှင့် မိတ္တူတင်ပြပြီး နံနက်(၁၁)နာရီ မှ ညနေ (၂)နာရီအချိန်အတွင်း ငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာ ဝယ်ယူကံစမ်းနိုင်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၉- ၃- ၂၀၁၆ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား/မိတ္တူ ၊ အိမ်ထောင်စုစာရင်း ပြား/ မိတ္တူ (၆)လအတွင်းရိုက်ကူးထားသည့်ဓါတ်ပုံ ၂" x ၃" ဓာတ်ပုံ (၃) ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေထီဆုဌာနခွဲ

အောင်ဘာလေထီဆိုင်ရာသတင်းအား www.irdmyanmar.gov.mm တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

# မတ်လ ( ၂ ) ရက်နေ့တွင် ကျရောက်သော
# တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့်
# 'ကျေးရွာရှင်တောင်သူဦးကြီးများအားလုံး'

ရာသီဥတု ကောင်းမွန်ပြီး ပိုးမွှားရောဂါ ကင်းရှင်း၍
သီးနှံအထွက်များ ဆတက်ထမ်းပိုး ရရှိကာ
တိုးတက် အောင်မြင်ပါစေကြောင်း

တောင်ပေါ်သားရီရှင်း(စိုက်ပျိုးရေး)ကုမ္ပဏီလီမိတက်မှ

ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသော အနေဖြင့်
လယ်ထွန်စက်များကို အပေါင်းပေး၍ အသစ်ရယူနိုင်မည့်
အခွင့်အရေး စတင်လိုက်ပါပြီ !

**ဦးရာလူ စနစ်**





**ရန်ကုန်မြို့**
အမှတ် (၉/၁၀)၊ ဘောဂျင်းလမ်း၊ ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၆၈၃၃၂၇၊ ၆၈၃၃၂၉၊ ၆၈၀၆၂၅၊ Fax : 01-9688602, Email : tptyeeshinn@gmail.com

**မန္တလေးမြို့**
အမှတ် (B2-A3/A4)၊ စက်မှုပန်းခြံလမ်း၊ မန္တလေးမြို့။
ဖုန်း - (၀၂)၅၁၅၃၄၅၄၊ ၅၁၅၃၂၁၂၊ ၅၁၅၃၅၃၃။

ကြော်ငြာ

POLO CLUB (ASIA) RESIDENCE









